The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ အင်္ဂါနေ့ (1-7-2014) (၇၈၈၈)

နိုင်ငံတော်သမ္မတဦးသိန်းစိန်

ကနေဒါနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၁

၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ဒေးဗစ်ဂျွန်စတန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စတီဗင် ဂျိုးဇက်ဟာပါထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ပြန်လည်ထွက်ခွာစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ တရားဝင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့မှ ဟေနန်ပြည်နယ် လော့ယန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး လော့ယန်လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရောက်ရှိကြရာ ဟေနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကျန်းကွမ်းကျွှနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လော့ယန်မြို့ မြင်းဖြူဘုရား ကျောင်းတော်သို့ ရောက်ရှိလေ့လာကြပြီး မဟာစိနပဘာ ရွှေတိဂုံပုံစံတူစေတီတော် ထီးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ဟေနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှဲ့ဖုကျန်း (Mr. Xie Fuzhan) က

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း ဒုတိယအဆင့်

ဇရိယာ ၂၀၀၀ ဟက်တာအတွက် ဖွံ့ဖြိုးတိုးတက်မှုဆွေးနွေး

သတင်းနှင့် ဓာတ်ပုံ ›› စိုးဝင်း (MLA)

သန်လျင် ဇွန် ၃၀

သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း ဒုတိယအဆင့် ဇရိယာ ၂၀၀၀ စီမံကိန်းသည် ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ၂၀ ကီလိုမီတာအကွာအဝေးတွင်တည်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့အတွင်း သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ယူဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုဖြစ်သည်။

အထူးစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေအရ စီမံကိန်းမစတင်မီပတ်ဝန်းကျင် လေ့လာဆန်းစစ်မှုများကို မဖြစ်မနေပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း ဒုတိယအဆင့် ဇရိယာ (၂၀၀၀) ဟက်တာအတွက် မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့် တွေ့ဆုံပွဲကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေယာရုံးခွဲ (၂) ဖြစ်သော သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီယာယီရုံး၌ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

ကြေးမုံ စာတည်းရှုထောင့် **၁-၇-၂၀၁၄၊ အင်္ဂါနေ့**

ယဉ်ကျေးလိမ္မာပြုကျင့်ရာ

လူမှုဆက်ဆံရေးနယ်ပယ်၌ ယဉ်ကျေးသောအပြုအမူသည် လွန်စွာအရေးပါသည့် အချက်ဖြစ်ပါသည်။ လူသားသမိုင်း လူ့ယဉ်ကျေးမှု စတင်ပေါ်ထွန်းသည့် အချိန်ကာလကတည်းက ယဉ်ကျေးမှု ထုံးတမ်းစဉ်လာဓလေ့များကို သက်ဆိုင်ရာ လူမှုဘဝနယ်ပယ်အလိုက်ကျင့်သုံးခဲ့ကြပါသည်။

ထိုသို့ကျင့်သုံးဆောင်ရွက်ကြရာတွင် အရှေ့တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်းယဉ်ကျေးမှု စသည်ဖြင့် ကိုးကွယ်မှုနှင့်ယုံကြည်လက်ခံမှုအလိုက် သူ့နေရာနှင့်သူကျင့်သုံးလာခဲ့ကြပါသည်။ ယင်းဖြစ်စဉ်တွင် လူတို့၏ စီးပွားရေး အခြေအနေ၊ နိုင်ငံရေးတည်ဆောက်ပုံ၊ ဘာသာယုံကြည်မှုအလိုက် ကိုယ်ကျင့်တရားဆိုင်ရာ ရိုးရာဓလေ့များ၊ အသိပညာနှင့် အနုပညာလိုက်စားမှုများသည် ပင်ကိုအခံအကြောင်းတရားများဟု ဆိုရမည်ဖြစ်သည်။

အမှန်အားဖြင့် ယဉ်ကျေးမှုဟူသည် လူမှုဆက်ဆံရေးနယ်ပယ်အတွက် အရေးအကြီးဆုံးအပြုအမူဖြစ်ပါသည်။ ဘာသာတရားအားလုံးတို့တွင် ကောင်းမွန်သော ယဉ်ကျေးမှုဓလေ့ထုံးစံများရှိကြသည်။ ဘာသာတရားကို အခြေခံသော ယဉ်ကျေးမှုသည် ပို၍သိမ်မွေ့နူးညံ့သည်ဟုဆိုရမည်ဖြစ်သည်။ ထို့ကြောင့် သိမ်မွေ့နူးညံ့သူကို ယဉ်ကျေးသူဟုဆိုကြသည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ရှေးပဝေသဏီကာလကတည်းက ဘာသာတရားကို အခြေခံသဖြင့် မြန်မာတို့၏ ပြုမူဆက်ဆံမှုများမှာ ယဉ်ကျေးဖွယ်ရာများပင်ဖြစ်သည်။ ဘာသာတရားအခြေခံဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံဟူသည့် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးမှာယဉ်ကျေးသိမ်မွေ့မှုကို ဖြစ်ပေါ်စေပါသည်။ မြန်မာတို့သည် ဘာသာတရား အခြေခံရှိနှင့်ပြီးသားဖြစ်သောကြောင့် ဖြစ်ပါသည်။

ယခုကဲ့သို့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလသို့ ရောက်ရှိလာသောအခါကာလတွင် နယ်ပယ်အသီးသီးမှ ယဉ်ကျေးမှုပေါင်းစုံ စီးဝင်လာသောကြောင့် မြန်မာတို့၏ မူလအခြေခံသိမ်မွေ့သော ယဉ်ကျေးမှုများမှာ လျော့နည်းပါးလျားလာသည်ကို မြင်တွေ့နေရသည်။ အိမ်ယဉ်ကျေးမှု၊ ကျောင်းယဉ်ကျေးမှု၊ အလုပ်ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ယဉ်ကျေးမှု စသည့်ယဉ်ကျေးမှုများလျော့ပါးလာသည်။

သို့ရာတွင် ယနေ့လူမှုဘဝနယ်ပယ်၌ ထိုသို့ပါးလျားလာသော ယဉ်ကျေးမှုကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ ယဉ်ကျေးလိမ္မာအဖွဲ့အစည်းများ၊ ယဉ်ကျေးလိမ္မာ စကားပြောအတတ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသဖြင့်များစွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။

ကိုယ်၊ နှုတ် အမူအရာယဉ်ကျေးခြင်းသည် ကိုယ်ကျင့်သီလကောင်းခြင်းမှ အခြေခံပါသည်။ ထို့ကြောင့် ကိုယ်ကျင့်သီလကောင်းအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့လာပြီး တစ်ဦးနှင့်တစ်ဦးဆက်ဆံရေး ယဉ်ကျေးသိမ်မွေ့ကောင်းမွန်လာခြင်းဖြင့် လောကဝန်းကျင်သည်လည်း ငြိမ်းချမ်းသာယာလှပနေမည်ဖြစ်ပါသည်။

ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ မေတ္တာစိတ်ထားခြင်း၊ ရိုင်းပင်းကူညီခြင်း စသည့်စိတ်ထားရှိသူတို့အား လူအများက ချစ်ခင်လေးစားကြပါသည်။ မယဉ်ကျေးခြင်း၊ ရိုင်းပျခြင်း စိတ်ထားရှိသူများအား လူအများက ရွံရှာမုန်းတီးကြပါသည်။ ထို့ကြောင့် လိမ္မာယဉ်ကျေးသော အပြုအမူကောင်းများကို ပြုမူကျင့်ကြံအားထုတ်ကြရန် လိုအပ်ပါသည်။

ထိုသို့ပြုမူအားထုတ်ကြရာဝယ် သီလမလုံခြုံသေးလျှင် စိတ်ကောင်းထားဖို့ ဦးစွာအားထုတ်သင့်သည်။ စိတ်ကောင်းဆိုသည်မှာလည်း ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားသည်းခံတတ်ခြင်းမှ အစပြုသင့်ပါသည်။ ထို့အပြင် မနာလိုသော ဣဿာစိတ်၊ တိုးတက်မှာစိုးသည့် မစ္ဆရိယစိတ်၊ ထင်ရှားသိသာသည့် တဏှာရာဂစိတ်၊ အလွန်အားကြီးသည့် လောဘစိတ်၊ ပြင်းထန်သည့်ဒေါသစိတ်၊ မာန်မာနစိတ် စသည့်စိတ်မျိုး မဖြစ်ပေါ်စေရန် အားထုတ်ကြရမည်ဖြစ်ပါသည်။

ထိုသို့ပြုမူရှောင်ရှားလိုက်သောအခါ ထိုလူတစ်ယောက်၏ စိတ်တွင်ရှိသေလေးစားသည့် မေတ္တာစိတ်၊ သနားတတ်သည့် ကရုဏာစိတ်၊ ဝမ်းမြောက်တတ်သည့် မုဒိတာစိတ်၊ စိတ်ပါလက်ပါပြုလိုသည့် ကုသိုလ်စိတ်၊ သဒ္ဓါတရား ကောင်းသည့်စိတ်၊ ပျော့ပြောင်းနူးညံ့သည့်စိတ်၊ အပါယ်လေးပါးကြောက်သည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးသော၊ နူးညံ့သော၊ လိမ္မာသော သားသမီးကောင်းရတနာများဖြစ်လာပါမည်။

ထို့ကြောင့် မျက်မှောက်ကာလ လူမှုဘဝနယ်ပယ်တွင် အစဉ်အလာကောင်းသည့် ယဉ်ကျေးမှုများ လျော့နည်း ပါးလျားလာပေရာ မြန်မာတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ မကွယ်ပျောက်စေရန်အတွက် တစ်ဦးချင်းစီအလိုက် ကောင်းမွန်သောစိတ်ထားများကို အတတ်နိုင်ဆုံး မွေးမြူသွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံး အင်ကြင်းခန်းမ နေပြည်တော်၌ ဇွန် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် အရာထမ်း/အမှုထမ်းစုစုပေါင်း ၃၉၄ ဦးတက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဌာနလုပ်ငန်းစဉ်အားလုံးကို ဝန်ထမ်းအဆင့်ဆင့်က သိရှိနားလည်ပြီး မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိတ်နေစိတ်ထား Mind-Set နှင့် လုပ်နည်းလုပ်ဟန်ပြောင်းလဲပြီး ပြည်သူလူထုအား အပြည့်အဝဝန်ဆောင်မှုပေးကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏လုပ်ငန်းတာဝန်များထမ်းဆောင်မှုအပေါ် အရည်အသွေးအကဲဖြတ်ဆန်းစစ်ခြင်းများ ဆောင်ရွက်ပြီး ဆန်းစစ်ချက်ရလဒ်ပေါ်မူတည်ပြီး အရာထမ်းနှင့် အမှုထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) သင်တန်းများ ဖွင့်လှစ်ပို့ချပေးရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများမြန်ဆန်သွက်လက်စေရေးအတွက် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့ပြင် လုပ်ငန်းဌာနများအလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်လုပ်ငန်း အကောင်အထည်ဖော်ပြီးစီးမှု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုတို့အပေါ် ဆန်းစစ်သုံးသပ်ခြင်းနှင့် ဌာန/လုပ်ငန်းအလိုက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေးအတွက် အလေးထားလိုက်နာရမည့်ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ မိမိတို့သက်ဆိုင်ရာဌာနအလိုက် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို သီးခြားစုဖွဲ့ဆွေးနွေးမှုများ ပြုလုပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ကြီးမလျှိုင် ခိုင်မာဖို့ အခွန်တာဝန် ကျေပွန်စို့

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်	ရွှေဈေး	၆၇၄၅၀၀	-	၆၇၅၄၀၀
မန္တလေး	ရွှေဈေး	၆၇၄၅၀၀	-	၆၇၅၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၇. ၅
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၄၇
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၉၇၅
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၉၇
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၂၀၅
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၉. ၇၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၆. ၀၁၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၆. ၉၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၈. ၇၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာစိနပဘာရွှေတိဂုံပုံစံတူစေတီတော် ထီးတော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုစဉ်။
(သတင်းစဉ်)

☆ရှေ့ဖုံးမှ
လော့ယန်မြို့ တုန်းရှန်းဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟေနန်ပြည်နယ် လော့ယန်မြို့မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့်ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကနေဒါနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁

၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကျရောက်သော ကနေဒါနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဂျွန်ဘားဒ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပေါက်မြို့နယ်၌ မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေး

ပေါက် ဇွန် ၃၀

ပခုက္ကူခရိုင် ပေါက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်-လက်ပံတို-အရာတော် ရေနံမြေသဘာဝဓာတ်ငွေ့တွင်းသုံးတွင်းနှင့်စစ်ကြောင်းရုံးတည်ဆောက်ရန် မြေနေရာများအတွက် သက်ဆိုင်ရာတောင်သူများထံ မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့ရာ အခမ်းအနားတွင် သရက္ကန်ကျေးရွာ၊ ကျောက်တိုင်စင်ကျေးရွာ၊ အိုင့်မကျေးရွာ၊ သမားတော်ကျေးရွာများမှ တောင်သူ ၂၆ ဦးတို့အား လက်ပံတိုရေနံမြေမှ အင်ဂျင်နီယာချုပ် ဦးကံဝင်းဌေး၊ အမှုဆောင်အရာရှိ ဦးဇော်မောင်မောင်တို့က မြေယာလျော်ကြေးငွေ ၇၅၀၈၅၀၀၀ နှင့် သီးနှံလျော်ကြေး ငွေကျပ် ၂၆၁၀၇၈၀၈၅ ဒသမ ၄၄ ပြား စုစုပေါင်း လျော်ကြေးငွေကျပ် ၃၃၆၁၆၃၀၈၅ ဒသမ ၄၄ ပြားပေးအပ်ခဲ့ကြောင်း၊ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ သရက္ကန်ကျေးရွာ၊ ကျောက်တိုင်စင်ကျေးရွာ၊ အိုင့်မကျေးရွာ၊ သမားတော်ကျေးရွာများမှ တောင်သူများတက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

ဥတုရာသီ
တောကိုမှီ၏

ပါကစ္စတန်တပ်မတော်က စစ်သွေးကြွများကို မြေပြင်ထိုးစစ် စတင်ပြီ

အစ္စလာမ္မာဘတ် ဇွန် ၃၀

ပါကစ္စတန်ကြည်းတပ်က ၎င်းတို့သည် မြောက်ဝါဇီရစ္စတန်ရှိ တာလီဘန်စစ်သွေးကြွများကို တိုက်ရာတွင် မြေပြင်ထိုးစစ် စတင်ဆင်နွှဲပြီဖြစ်ကြောင်း တနင်္လာနေ့တွင် ကြေညာသည်။

ကြေညာချက်ထုတ်ပြန်ရာတွင် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ် မျိုးနွယ်စုတို့၏ဒေသမှ အဓိက အထင်ကရမြို့ဖြစ်သော မီရန်ရှားပတ်ဝန်းကျင်တွင် စစ်ဆင်ရေးစသည်ဟု ဖော်ပြသည်။

စစ်သွေးကြွ ၃၇၀ သေဆုံးခဲ့စေသော လေကြောင်းမှတိုက်ခိုက်ခဲ့ပြီးသည့်နောက် မြေပြင်ထိုးစစ် ပြုလုပ်ခြင်းဖြစ်သည်။ သေဆုံးသည့် စစ်သွေးကြွများ၏ ကိန်းဂဏန်းမှာ အတည်ပြုချက်မရှိပေ။

မြောက်ဝါဇီရစ္စတန်ဒေသသည် ကာလရှည်ကြာစွာကပင် စစ်သွေးကြွများ၏ ခိုအောင်းရာဒေသဖြစ်သည်။ သတင်းများအရ အစိုးရတပ်မတော်၏ ထိုးစစ်မစမီကပင် စစ်သွေးကြွများသည် ယင်းနယ်မြေမှ ထွက်ခွာသွားနှင့်ကြပြီ ဖြစ်သည်။

လူ ၃၀ သေဆုံးခဲ့သည့် ကရာချိရှိ ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးလေဆိပ်ကို စစ်သွေးကြွများက တိုက်ခိုက်ပြီးနောက် အစိုးရတပ်ဖွဲ့က ယင်းသို့ တိုက်ခိုက်ခြင်းဖြစ်သည်။ **ဘီဘီစီ။**

မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်၌ မြေပြင်ထိုးစစ် ဆင်နွှဲသည့် ပါကစ္စတန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အီရတ် လုံခြုံရေးအခြေအနေ ဆိုးရွားမှု ဘန်ကီမွန်း စိုးရိမ်ပူပန်လျက်ရှိ

ကုလသမဂ္ဂ ဇွန် ၃၀

အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ ဆိုးရွားလာမှုအတွက် မိမိစိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန် ၃၀ ရက်တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေပြီး အရပ်သူ၊ အရပ်သားများ သေဆုံးရမှုတိုးပွားလာခြင်းအတွက် မိမိ အလွန်အမင်းစိုးရိမ်ပူပန်ရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ထုတ်ပြန်သောသတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၌ ဆွန်နီစစ်သွေးကြွတို့က မြို့များကို သိမ်းပိုက်နိုင်ရန် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ အီရတ်နိုင်ငံ၌ ဆွန်နီစစ်သွေးကြွများနှင့် အစိုးရလုံခြုံရေးတပ်ဖွဲ့များအကြား ဇွန် ၁၈ ရက်က တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း လုံခြုံရေးအခြေအနေများ ပိုမိုဆိုးရွားလာသည်။ အီရတ်နှင့် ဆီးရီးယားအစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့အမည်ရှိ ဆွန်နီစစ်သွေးကြွများက ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော မိုဆူးလ်မြို့ကို ထိန်းချုပ်ခဲ့ပြီးနောက် လုံခြုံရေးအခြေအနေ ဆိုးရွားလာကြောင်း၊ အီရတ်ပြည်သူတစ်သန်းကျော်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ဘန်ကီမွန်း၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ နင်နီဗားပြည်နယ်ရှိ စစ်စခန်းများမှ လုံခြုံရေးတပ်ဖွဲ့များ ထွက်ခွာသွားခဲ့ပြီးနောက် စစ်သွေးကြွတို့က အစိုးရစစ်စခန်းများကို ထိန်းချုပ်နိုင်ခဲ့သည်။ အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ၁၃၀၀ ထက်မနည်း သေဆုံးခဲ့ရပြီး ၁၂၅၀ ဒဏ်ရာရရှိကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထောက်အကူပေးရေးအဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

တရုတ် ကွန်မြူနစ်ပါတီဝင်အင်အား လွန်ခဲ့သည့်နှစ်တွင် ၈၆ သန်းကျော်ရှိ

ပေကျင်း ဇွန် ၃၀

တရုတ်နိုင်ငံ၏ အာဏာရကွန်မြူနစ်ပါတီ၏အဖွဲ့ဝင်အင်အားသည် လွန်ခဲ့သည့်နှစ်က ၁ ဒသမ ၅၆ သန်းပိုမိုတိုးတက်လာကြောင်း ပါတီ စည်းရုံးရေးဌာနက ဇွန် ၃၀ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြ သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင်ဦးရေသည် ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် ၈၆ ဒသမ ၇ သန်းရှိကြောင်း၊ ယင်းမှာ ဂျာမနီနိုင်ငံ၏ လူဦးရေထက် ပိုမိုများပြားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နှစ်ပေါင်း ၉၀ ကျော် သက်တမ်းရှိ တရုတ်ကွန်မြူနစ်ပါတီသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံရေးပါတီအဖြစ် ရပ်တည်လျက်ရှိပြီး အာဏာရရှိလာမှုမှာ ၆၄ နှစ် ရှိခဲ့ပြီဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင်များတွင် စီးပွားရေးလုပ်ငန်းရှင်များမှသည် ကျောင်းသူ၊ ကျောင်းသားများအထိ ပါဝင်သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင်အင်အား တိုးတက်မှုသည် နှစ်အလိုက် နှိုင်းယှဉ်ချက်အရ လွန်ခဲ့သည့်နှစ်တွင် ၁ ဒသမ ၈ ရာနှုန်းမြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် ၂၀၁၂ ခုနှစ်က ရှိခဲ့သည့် တိုးတက်မှုနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ပိုမို လျော့နည်းသွားကြောင်း၊ ပါတီဝင်များ၏ အရည်အသွေး စံနှုန်းသတ်မှတ်ချက်ကို မြှင့်တင်ခဲ့ခြင်းကြောင့် ပါတီဝင်သစ်အင်အား ပိုမိုလျော့နည်းသွားခြင်းဖြစ်ကြောင်း ပါတီစည်းရုံးရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ။**

အမေရိကန်နှင့် ဖိလစ်ပိုင် ရေတပ်ဖွဲ့များ ပူးတွဲ စစ်ရေးလေ့ကျင့်မှု စတင်

ဆူးဘစ်ပင်လယ်အော် ဇွန် ၃၀

အမေရိကန်ပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်၌ ဇွန် ၃၀ ရက်က ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရက်သတ္တတစ်ပတ်ကြာမြင့်မည့် စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်စစ်သင်္ဘောသုံးစင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်တို့ ပါဝင်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ရေတပ်စွမ်းရည်မြင့်မားတိုးတက်လာစေရန် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် စစ်ဘက်တာဝန်ရှိသူများက ပြောကြားကြသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်စဉ်စစ်ရေးလေ့ကျင့်မှုပြုလုပ်သည်။ ယခုကျင်းပသော စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၄၀၀ ခန့်ပါဝင်ပြီး ဖိလစ်ပိုင်ရေတပ်၏ စစ်သင်္ဘောသစ်နှစ်စင်းလည်း ပါဝင်ကြောင်း၊ ယင်းစစ်သင်္ဘောနှစ်စင်းမှာ အမေရိကန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အသုံးပြုခဲ့သော ရေယာဉ်နှစ်စင်းကို ဖရီးဂိတ်စစ်သင်္ဘောအဖြစ်သို့ ပြင်ဆင်ပြောင်းလဲထားသော စစ်သင်္ဘောများဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားကြသည်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာ အနောက်မြောက်ဘက် ဇမ်ဘလက်စ်ပြည်နယ် ဘန်အန်တိုနီယိုမြို့ ပင်လယ်ကမ်းခြေ၌ စစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့သည်။ အမေရိကန်ရေတပ်စစ်သင်္ဘောတစ်စင်းမှ ဆင်းသက်လာသော ကုန်းရေနှစ်သွယ် မောင်းနှင်နိုင်သည့် သံချပ်ကာကားများကို တွေ့မြင်ရကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်သော အမေရိကန် မရိန်းတပ်ဖွဲ့၏ ကုန်းရေနှစ်သွယ် မောင်းနှင်နိုင်သော သံချပ်ကာ ကားများကို တွေ့ရစဉ်။

အစ္စလာမ္မစ်နိုင်ငံထူထောင်ကြောင်း အီရတ်သူပုန်အဖွဲ့ ကြေညာ

ဘဂ္ဂဒက် ဇွန် ၃၀

အိုင်အက်စ်အိုင်အက်စ်အမည်ရှိ အစွန်းရောက်ဆွန်နီ လက်နက်ကိုင်သူပုန်အဖွဲ့သည် ၎င်းတို့လက်ဝယ်ကျရောက်နေသည့် အီရတ်နှင့် ဆီးရီးယားနိုင်ငံပိုင်ဒေသများကို စုစည်းကာ အစ္စလာမ္မစ်နိုင်ငံထူထောင်လိုက်သည်ဟု ကြေညာချက် ထုတ်ပြန်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းနိုင်ငံသစ်အားဦးဆောင်မည့်သူမှာ အဗူဒူဘာဘာအယ်လ်ဘက်ဂ်ဝါဒီဖြစ်ပြီး ယင်းနိုင်ငံသစ်၏ ဘာသာရေးခေါင်းဆောင်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အစ္စလာမ္မစ်ဥပဒေ၏ ထိန်းကွပ်မှုအောက်တွင် နိုင်ငံတော်ထူထောင်ရေးမှာ အစွန်းရောက်ဝါဒီများ၏ နှစ်ရှည်လများ မျှော်မှန်းသည့်ပန်းတိုင်ဖြစ်သည်။

ထိုစဉ်အတွင်းတွင် အီရတ်အစိုးရတပ်ဖွဲ့များက နိုင်ငံ၏မြောက်ပိုင်းဒေသရှိ အရေးပါသော တီကရစ်မြို့အား ဆွန်နီသူပုန်များလက်မှ ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ထိုးစစ်ဆင်နွှဲမှုများပြုလုပ်နေသည်။

တီကရစ်မြို့အား ဇွန် ၁၁ ရက်တွင် ဆွန်နီစစ်သွေးကြွလက်နက်ကိုင်များက သိမ်းပိုက်ခဲ့သည်။ အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့ရှိ ဒေသအများအပြားကိုလည်း ၎င်းသူပုန်အဖွဲ့က သိမ်းပိုက်ခဲ့ပြီးဖြစ်သည်။ **ဘီဘီစီ။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇွန် ၃၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှတစ်ဆင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်လေဆိပ်မှ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ၅၉ နှစ်တာအတွင်း မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် တပ်မတော်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေးခြင်းနှင့် မနီလာမြို့ရှိ ထင်ရှားသောနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဝက်လက်မြို့နယ်လုံးကျွတ် ပညာသင်ဆုပေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်သည် ယမန်နေ့နံနက် ၉ နာရီတွင် ဝက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ဝက်လက်မြို့နယ်လုံးကျွတ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်ကြားမှုထူးချွန်ဆုရရှိသူ ဆရာ ဆရာမများနှင့် ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ဝက်လက်မြို့နယ်များမှ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝက်လက်မြို့နယ်လုံးကျွတ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒုတိယအကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၃၂ ဦးနှင့် ဆရာ ဆရာမ ၃၆ ဦးတို့အား ဆုချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကလည်း ကျောင်းသား ကျောင်းသူ ၂၀၈ ဦးကို ပညာရည်ချွန်ဆုချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲပြီးစီး

ရန်ကုန် ဇွန် ၃၀

ပညာရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရမည့် သတ်မှတ်ကာလအတွင်း ပြီးမြောက်ရေးနှင့် တက္ကသိုလ်စီမံခန့်ခွဲရေး ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံခြားပညာသင်ဆုများ စေလွှတ်ပေးနိုင်ရန် စီစဉ်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် တက္ကသိုလ်ကောလိပ်များပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ တာဝန်သိမှု၊ တာဝန်ယူမှုအားကောင်းလာစေရေးဆိုင်ရာ စည်းရုံးလှုပ်ရှားမှု ဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်ရေး၊ မူဝါဒ၊ စီမံကိန်းနှင့် ဘတ်ဂျက် လိုအပ်ချက်ရေးဆွဲရေး၊ စီမံခန့်ခွဲသူ ဆရာ ဆရာမ၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည် အကဲဖြတ်ရေး၊ တက္ကသိုလ်တိုင်းတွင် အရည်အသွေးရှိသော အဆင့်မြင့်ပညာရေးစနစ်ပေါ်ထွန်းလာရေး၊ အဆင့်မြင့်ပညာရေးပဋိညာဉ်များ ပီပြင်စွာပေါ်ထွန်းလာရေးတို့ကို ဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကိုရီးယားနိုင်ငံမှ ဒေသန္တရရွေးကောက်ပွဲများအကြောင်း တစေ့တစောင်း

တက္ကသိုလ်ဆရာတစ်ဦး

(ယမန်နေ့မှအဆက်)

နိုင်ငံရေးပါတီများ

ယခုရွေးကောက်ပွဲတွင် လက်ရှိအာဏာရ Saenuri ပါတီ (NFP-New Frontier Party)နှင့် New Politics Alliance for Democracy (NPAD)ပါတီ၊ Unified Progressive Party (UPP)၊ Justice ပါတီ၊ Green Party Korea၊ Labor Party၊ The People Party for New Politics၊ The Grand National ပါတီ စသည့် ပါတီကြီးများနှင့် ပါတီငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲရန်ပုံငွေ သုံးစွဲရာတွင်လည်းကောင်း၊ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေသုံးစွဲရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံး (Election Campaign) ရာတွင်လည်းကောင်း NEC မှ ချမှတ်ထားသော ညွှန်ကြားချက်များနှင့် ကျင့်ဝတ်များကို လိုက်နာရသည်။ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေအဖြစ် မြို့တော်ဝန်နှင့် ပြည်နယ်မှူးများအားကိုရီးယားဝမ် ၁ ဒသမ ၄၆ ဘီလီယံနှင့် ခရိုင်ခေါင်းဆောင်များအား ကိုရီးယားဝမ် ၁၆၂ ဒသမ ၂၄၆ သန်းအထိသာ အများဆုံးသုံးစွဲခွင့်ပြုထားပါသည်။ သတ်မှတ်ထားသည့် ရန်ပုံငွေပမာဏထက် ကျော်လွန်သုံးစွဲသော ပါတီများအား ပြစ်ဒဏ်အဖြစ် အနည်းဆုံး ကိုရီးယားဝမ် သုံးသန်း၏အထက် ချမှတ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရုပ်မြင်သံကြား Channel အသီးသီးတွင် တစ်ပါတီလျှင် လေးမိနစ်ကြော်ငြာခွင့်ရှိကြောင်း သိရှိရပါသည်။

မဲဆွယ်စည်းရုံးခြင်း

ဒေသန္တရရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများအား မဲဆွယ်စည်းရုံးရန် အချိန် ၁၃ ရက် ခွင့်ပြုထားပြီး ဥပဒေအရ ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ပိတ်သည့်နေ့၏ နောက်ခြောက်ရက်မှစတင်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မတိုင်မီ တစ်ရက်အထိ ဖြစ်သည်။ ထို့ကြောင့် ယခုပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများအနေဖြင့် မေလ ၂၂ ရက်နေ့မှ ဇွန်လ ၃ ရက်နေ့ထိ မဲဆွယ်စည်းရုံးခွင့် ရရှိခဲ့သည်။ မဲဆွယ်စည်းရုံးရေးကာလ ကြာရှည်သည်နှင့်အမျှ နိုင်ငံရေးပါတီများကြားတွင် ပဋိပက္ခများ ပိုမိုဖြစ်ပွားတတ်ခြင်းကြောင့် မဲဆွယ်စည်းရုံးရေးကာလကို ယခုကဲ့သို့ ၁၃ ရက်သာ ထားရှိခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ (မဲဆွယ်စည်းရုံးကာလကို မလေးရှားနိုင်ငံတွင် ၁၅ ရက်ထားရှိပြီး နီပေါနိုင်ငံတွင် ရက်ပေါင်း ၃၀ ထားရှိပါသည်။)

မဲဆန္ဒရှင်များ

တောင်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ အသက် (၁၉) နှစ်ပြည့်သူများ ဆန္ဒမဲပေးခွင့်ရှိသည်။ အခြားနိုင်ငံများနည်းတူ စိတ်ပေါ့သွပ်သူများ၊ ထောင်ဒဏ်ကျခံနေရသူများ ဆန္ဒမဲပေးခွင့်မရှိပါ။ အသက် (၁၉) နှစ် သတ်မှတ်ရခြင်းမှာ အထက်တန်းကျောင်းကို အသက်(၁၈) နှစ် (၁၉)နှစ်ရှိမှ အောင်မြင်သောကြောင့် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ (မလေးရှားနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပသည့်နှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့၌ အသက် (၂၁) နှစ်ပြည့်သူများ ဆန္ဒမဲပေးခွင့်ရှိကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိသူများ၏အသက်သည် (၂၁) နှစ်ဝန်းကျင်ဖြစ်ခြင်းကြောင့် စဉ်းစားချင့်ချိန်နိုင်ရန်အတွက် ဤသို့သတ်မှတ်ထားခြင်းဖြစ်ကြောင်း မှတ်သားဖူးပါသည်။)

မဲဆန္ဒရှင်စာရင်း

ကိုရီးယားနိုင်ငံသားတိုင်းသည် မွေးဖွားပြီးသည်နှင့် ၎င်းအတွက် မှတ်ပုံတင်နံပါတ် (Resident Registration Number) ရရှိထားကြသည်။ အသက် (၁၇) နှစ်ပြည့်သည့်အချိန်တွင် လက်ဗွေရာယူပြီးသည်နှင့်တစ်ပြိုင်တည်း ကွန်ပျူတာကွန်ရက်မှတစ်ဆင့် မှတ်ပုံတင်ထားခြင်းဖြစ်သည်။ ဒေသခံအစိုးရခေါင်းဆောင်က ကော်မရှင်အဖွဲ့ခွဲ၏ကြီးကြပ်မှုဖြင့် ဖော်ပြပါ မှတ်ပုံတင်စာရင်းကို အခြေခံလျက် မဲဆန္ဒရှင်စာရင်း - Voter List ကို ပြုစုသည်။ အသက် (၁၉) နှစ် ပြည့်သူများအား မဲစာရင်းတွင်တိုးပြီး သေဆုံးသူများအား မဲစာရင်းမှ ပယ်ဖျက်ခြင်းဖြင့် မဲစာရင်းကို Update လုပ်သွားသည်။ ရွေးကောက်ပွဲကျင်းပချိန်နီးသည့်အခါတွင် မဲဆန္ဒရှင်များအား ၎င်းတို့ဆန္ဒမဲပေးရမည့် မဲရုံနေရာများကို အကြောင်းကြားပေးပြီး NEC Website တွင်လည်း ကြည့်ရှုနိုင်ရန် တင်ပေးထားကြောင်း သိရှိခဲ့ရပါသည်။

ကြိုတင်ဆန္ဒမဲပေးခြင်း

ကြိုတင်ဆန္ဒမဲပေးခြင်း (Early Voting / Advance Voting) စနစ်သစ်တစ်ခုကို တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလက ကျင်းပခဲ့သော ကြားဖြတ် ရွေးကောက်ပွဲများတွင် စတင်စမ်းသပ်ကျင့်သုံးခဲ့ကြောင်း သိရှိရပါသည်။ ကြိုတင်ဆန္ဒမဲပေးခြင်းကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ငါးရက်ဟု သတ်မှတ်ထားခြင်းကြောင့် ယခုဒေသန္တရရွေးကောက်ပွဲတွင် ၃၀-၅-၂၀၁၄ ရက်နှင့် ၃၁-၅-၂၀၁၄ ရက်နေ့များကို ကြိုတင်ဆန္ဒမဲပေးနိုင်သည့်နေ့ရက်များအဖြစ် ကြေညာထားပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆန္ဒမဲပေးနိုင်သည်။ မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နေရာဒေသသို့ ရောက်ရှိနေသည်ဖြစ်စေ ကြိုတင်ဆန္ဒမဲပေးသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားရှိသည်။

စာရေးသူတို့အဖွဲ့သည် အင်ချွန်မြို့ရှိ ကြိုတင်ဆန္ဒမဲပေးသည့် မဲရုံတစ်ရုံတွင် ၃၁-၅-၂၀၁၄ ရက်နေ့က လေ့လာကြည့်ရှုခဲ့ကြပါသည်။ ယင်းမဲရုံထဲတွင် ဆန္ဒမဲလက်မှတ်ထုတ်ပေးသည့်နေရာနှစ်ခု ခွဲခြားထားရာ - မဲရုံတည်ရှိရာဒေသမှ မဲဆန္ဒရှင်များအတွက် တစ်နေရာနှင့် အခြားဒေသများမှ မဲဆန္ဒရှင်များအတွက် တစ်နေရာဖြစ်သည်။ ဒေသခံမဲဆန္ဒရှင်များအတွက် ဆန္ဒမဲလက်မှတ်ခုနစ်စောင်ကို တစ်ခါတည်း ထုတ်ပေးပြီး မဲဆန္ဒရှင်က လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြုပြီး မဲပုံးတွင်းသို့ ဆန္ဒမဲလက်မှတ်အားလုံးကို ထည့်ရသည်။ အခြားဒေသမှ မဲဆန္ဒရှင်များအတွက် ၎င်းတို့နေထိုင်ရာဒေသနှင့်သက်ဆိုင်သည့် ဆန္ဒမဲလက်မှတ်ခုနစ်စောင်ကို Ballot Printer ဖြင့် ထုတ်ပေးသည်။ (ထို Printer မှ ယခုမဲလက်မှတ် ခုနစ်စောင်ကို ထုတ်ရာတွင် ၃၂ စက္ကန့်ခန့်ကြာကြောင်း သိရှိရပါသည်။) ဆန္ဒမဲလက်မှတ်များ ထည့်ရမည့် စာအိတ်ကိုလည်း လိပ်စာပါရိုက်ပြီး ယင်း Printer ကပင် တစ်ခါတည်း ထုတ်ပေးပါသည်။ မဲဆန္ဒရှင်က ဆန္ဒပြုပြီးနောက် ဆန္ဒမဲလက်မှတ်များကို စာအိတ်တွင်ထည့်ပြီး မဲရုံမှူး၏ရှေ့မှောက်၌ပင် သေချာစွာပိတ်ကာ မဲရုံမှူးက တံဆိပ်ရိုက်နှိပ်ပေးပါသည်။ ယင်းစာအိတ်များကို သက်ဆိုင်ရာသို့ စာတိုက်မှ ပို့ကြောင်း သိရှိခဲ့ရပါသည်။

မဲဆန္ဒရှင်များအနေဖြင့် သွားရင်းလာရင်း ကြုံကြိုက်သည့်နေရာတွင် ဆန္ဒမဲပေးနိုင်ခြင်းကြောင့် သဘောကျကြကြောင်း၊ ဆိုးလ်မြို့တော်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နေရာပေါင်း ၂၅ နေရာရှိကြောင်း၊ NEC ၏ ဆန္ဒမဲပေးသူ များပြားလာစေရေး ရည်မှန်းချက်အောင်မြင်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးသူပေါင်း ၄ ဒသမ ၇၄ သန်းရှိရာ မဲဆန္ဒရှင်ပေါင်း ၄၁ ဒသမ ၂၉ သန်းရှိသဖြင့် ကြိုတင်ဆန္ဒမဲပေးမှု ရာခိုင်နှုန်း ၁၁ ဒသမ ၄၉ ရှိကြောင်း၊ ယခင်ကြားဖြတ်ရွေးကောက်ပွဲများက ကြိုတင်ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆ ဒသမ ၉၃ နှင့် ၅ ဒသမ ၄၅ သာရှိကြောင်း၊ အံ့သြဖွယ်တစ်ခုမှာ ယခုကြိုတင်ဆန္ဒမဲပေးမှုကို အသက်အုပ်စုအလိုက် ဆန်းစစ်ရာ အသက် (၂၀) အောက် လူငယ်များက ဆန္ဒမဲပေးမှု ၁၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အသက် (၃၀) နှင့် (၃၉)နှစ်ကြား မဲဆန္ဒရှင်များက မဲပေးမှုရာခိုင်နှုန်း ၉ ဒသမ ၄၁ ဖြင့် အနည်းဆုံးဖြစ်ကြောင်း မှတ်သားရပါသည်။

ရွေးကောက်ပွဲများကျင်းပခြင်း

တောင်ကိုရီးယားနိုင်ငံ၏ ဆဋ္ဌမမြောက်ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ မဲရုံဖွင့်ချိန်မှာ နံနက် ၆ နာရီဖြစ်ပြီး မဲရုံပိတ်ချိန်မှာ ညနေ ၆ နာရီဖြစ်သည်။ စာရေးသူတို့အဖွဲ့အနေဖြင့် Incheon မြို့ကြီးရှိ စန်ဒူဒန် (Sando Dang) ဒေသမှ မဲရုံတစ်ရုံ၊ ဆိုးလ်မြို့တော်မှ မဲရုံသုံးရုံနှင့် ဆန္ဒမဲများရေတွက်သည့် Counting Center တစ်ခုကို လေ့လာခဲ့ပါသည်။ စာရေးသူတို့အဖွဲ့မဲရုံများကိုလေ့လာရာ၌ အတန်ငယ်ကျဉ်းသော မဲရုံတစ်ရုံတွင် မဲရုံအတွင်း၌ မတ်တတ်ရပ်၍ လေ့လာခဲ့ရပါသည်။ ကျန်မဲရုံများတွင် မဲရုံအတွင်း၌ ထိုင်ခွင့်ရရှိခဲ့ပြီး ၁၅ မိနစ်ခန့် လေ့လာခွင့်ရရှိခဲ့ပါသည်။ သို့ရာတွင် မဲရုံများအတွင်း၌ ဓာတ်ပုံရိုက်ခွင့် မပြုပါ။

မဲရုံတစ်ရုံတွင် မဲရုံမှူးတစ်ဦးနှင့် မဲရုံအမှုထမ်း ၁၀ ဦး ရှိပါသည်။ ဝန်ထမ်းများကို အုပ်စုနှစ်စု ခွဲခြားထားရာ ပထမအုပ်စုက ဆန္ဒမဲလက်မှတ်သုံးစောင်ထုတ်ပေးရာ မဲဆန္ဒရှင်က ဆန္ဒပြုပြီးနောက် ယင်းမဲလက်မှတ်များကို ပထမမဲပုံးတွင် ထည့်ရပါသည်။ ဒုတိယအုပ်စုက ကျန်ဆန္ဒမဲလက်မှတ်လေးစောင်ကို ထုတ်ပေးပြီး မဲဆန္ဒရှင်က ဆန္ဒပြုကာ ဒုတိယမဲပုံးတွင် ထည့်ရပါသည်။

မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်ပေါင်း ၃၀၀၀ မှ ၄၀၀၀ ရှိကြောင်း၊ မဲရုံများကို ကျောင်းများနှင့် အုပ်ချုပ်ရေးရုံးများတွင် ထားရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၁၃,၆၆၅ ရုံရှိသည့်အနက် မဲရုံပေါင်း ၁၂,၃၇၁ ရုံသည် မြေညီထပ်တွင်ရှိကြောင်း၊ မဲဆန္ဒရှင်များ အထူးသဖြင့် မသန်စွမ်းသူများအတွက် သက်သောင့်သက်သာရှိစေရန်ဖြစ်ကြောင်း၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများမှာ အစိုးရဝန်ထမ်းများဖြစ်ကြကြောင်း၊ ၎င်းတို့အား နေ့တွက်စရိတ်အဖြစ် တစ်ရက်လျှင် ဝမ် ၇၀၀၀ ပေးကြောင်း သိရှိခဲ့ရပါသည်။ မဲရုံဝန်ထမ်းများက ကျွမ်းကျင်တည်ငြိမ်စွာ ဆောင်ရွက်ကြသကဲ့သို့ မဲဆန္ဒရှင်များကလည်း လျင်မြန်စွာ ဆန္ဒမဲပေးနေကြသည်ကို အားကျအတုယူဖွယ် တွေ့မြင်ခဲ့ရပါသည်။ (တောင်ကိုရီးယား တစ်နိုင်ငံလုံးတွင် မသန်စွမ်း မဲဆန္ဒရှင်ပေါင်း ၅၅,၀၀၀ ရှိကြောင်း သိရှိခဲ့ရပါသည်။)

ထို့ပြင် ညနေ ၆ နာရီ၌ မဲရုံပိတ်သည့်အခါတွင်လည်း မဲရုံဝန်ထမ်းအသီးသီးက ၎င်းတို့ဆောင်ရွက်ရန်ရှိသည်များအား တစ်ဦးကိုတစ်ဦး ပြောကြား/ညွှန်ကြားနေရန် မလိုဘဲ ကိစ္စအဝဝကို ၁၅ မိနစ်အတွင်း လုပ်ကိုင်ပြီးစီးသည်ကို တွေ့မြင်ခဲ့ရပါသည်။

မဲရုံရှေ့တွင် လုပ်အားပေး ကျောင်းသား ကျောင်းသူနှစ်ဦးက မဲဆန္ဒရှင်များအား ကူညီပေးရန်ရှိနေပြီး မလေးရှားရွေးကောက်ပွဲနှင့် နီပေါရွေးကောက်ပွဲများကဲ့သို့ မဲရုံများအနီးတွင် ရဲများ စောင့်ကြပ်နေကြသည်ကိုမတွေ့ရှိခဲ့ရပါ။ ညနေ ၆ နာရီထိုးခါနီးမှသာ ရဲနှစ်ဦးရောက်ရှိလာသည်ကို တွေ့မြင်ခဲ့ရပါသည်။

ဆန္ဒမဲများ ရေတွက်ခြင်း

မဲရုံအသီးသီးမှ မဲပုံးများ (မဲရုံတစ်ရုံလျှင် မဲပုံးနှစ်ပုံး)ကို မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများက ပါတီကိုယ်စားလှယ်များနှင့်အတူ ရဲနှစ်ဦးလိုက်ပါစောင့်ကြပ်ပေးသည့် မော်တော်ယာဉ်ဖြင့် ဆန္ဒမဲများ ရေတွက်မည့် "မဲရေတွက်သည့်ဌာန" "Counting Center" သို့ သယ်ဆောင်ကြပါသည်။ (တစ်နိုင်ငံလုံးတွင် မဲရေတွက်သည့်ဌာနပေါင်း ၂၅၀ ရှိကြောင်း၊ မဲရေတွက်သူပေါင်း ၇၇,၀၀၀ ရှိကြောင်း၊ ၎င်းတို့အနက် ၁၉,၀၀၀ ကို ပြည်သူလူထုထဲမှ လျှောက်လွှာခေါ်ယူပြီး ရွေးချယ်ခန့်ထားခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။)

စာရေးသူတို့ လေ့လာခဲ့သော မဲရေတွက်သည့် အားကစားရုံတွင် မဲရုံပေါင်း ၉၀ မှ မဲပုံးများ (ကြိုတင်ဆန္ဒမဲပုံးများ အပါအဝင်)ကို ရေတွက်ရန်အတွက် အဖွဲ့ ၁၄ ဖွဲ့ ခွဲထားပါသည်။ အဖွဲ့တစ်ဖွဲ့တွင် စားပွဲသုံးခုရှိပြီး ပထမစားပွဲမှ လုပ်အားပေးများက ဆန္ဒမဲလက်မှတ် ခုနစ်မျိုးကို တစ်မျိုးစီ ခွဲခြားပြီး ဒုတိယစားပွဲမှ လုပ်အားပေးများက ဆန္ဒမဲလက်မှတ် တစ်မျိုးချင်းအလိုက် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲလက်မှတ်များကို Electronic Sorting Machine ဖြင့် ခွဲခြားပါသည်။ (ယင်းစက်သည် တစ်မိနစ်လျှင် မဲလက်မှတ်ပေါင်း ၄၂၀ ကို ခွဲခြားနိုင်ကြောင်း သိရှိရပါသည်။) ထို့နောက် တတိယစားပွဲမှ လုပ်အားပေးများက Electronic Counting Machine ဖြင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိထားသော ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။

ဆန္ဒမဲများကို ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် ခွဲခြားပေးသော Electronic Sorting Machine အား တွေ့မြင်ရပုံ။

နောက်ဆုံးအနေဖြင့် ဆန္ဒမဲလက်မှတ်အမျိုးအစားအလိုက် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်စာရင်းကို စင်မြင့်တွင်ထိုင်နေသော ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ တင်ပြပါသည်။ (ဆန္ဒမဲများကို ရေတွက်ရာ၌ ကြိုတင်ဆန္ဒမဲများကို ရှေးဦးစွာ ရေတွက်ပါသည်။)

စာရေးသူတို့အဖွဲ့အား မြေညီထပ်ရှိ မဲရေတွက်သည့်နေရာ၌ ကြည့်ရှုခွင့်နှင့် ဓာတ်ပုံရိုက်ခွင့်ပေးသော်လည်း မဲပုံးများအား လုံးဝမထိရန်၊ မကိုင်တွယ်ရန် တာဝန်ရှိသူများက သုံးလေးကြိမ် သတိပေးပါသည်။ ယင်းနေရာတွင် မိနစ် ၂၀ ခန့်သာ ကြည့်ရှုခွင့်ရပြီး နောက်ပိုင်းတွင် အားကစားရုံအပေါ်ထပ်မှ ဆက်လက်ကြည့်ရှုခွင့်ရခဲ့ပါသည်။ မဲရေတွက်ခြင်းကို ကြည့်ရှုလိုသည့် ပြည်သူလူထုများ အနေဖြင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံ လျှောက်ထားပြီး သတ်မှတ်ပေးထားသည့်နေရာမှ ကြည့်ရှုခွင့်ရှိကြောင်း သိရှိရပါသည်။

ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ

ယခု ကျင်းပပြီးစီးခဲ့သော ဒေသန္တရရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း ၄၁,၂၉၆,၂၂၈ ရှိသည့်အနက် ဆန္ဒမဲပေးသူပေါင်း ၂၃,၄၆၄,၅၇၃ ရှိသဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ ၅၆ ဒသမ ၈ ဖြစ်ကြောင်း၊ ဒေသန္တရရွေးကောက်ပွဲများအနက် ဆန္ဒမဲပေးမှု ဒုတိယအများဆုံးဖြစ်ကြောင်း၊ ပထမအကြိမ် ဒေသန္တရရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆၈ ဒသမ ၄ ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှု အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၁၃,၆၆၅ ရုံရှိပြီး မဲရုံဝန်ထမ်းပေါင်း ၂၃၆,၅၆၆ ဦးရှိကြောင်း၊ ယခုရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်စုစုပေါင်း ကိုရီးယားဝမ် ၈၈၇ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၈၆၀ ခန့်)ရှိခဲ့သဖြင့် မဲဆန္ဒရှင်တစ်ဦးအတွက် ကိုရီးယားဝမ် ၂၁,၄၉၈ ကုန်ကျခြင်းဖြစ်ကြောင်း၊ ဖော်ပြပါ ကုန်ကျစရိတ်စုစုပေါင်းတွင် နိုင်ငံရေးပါတီများအား ထောက်ပံ့ပေးခဲ့သော ရွေးကောက်ပွဲစည်းရုံးရေး ရန်ပုံငွေ ကိုရီးယားဝမ် ၉၁ ဘီလီယံပါဝင်ကြောင်း သိရှိရပါသည်။

ထူးခြားချက်များ

(၁) သမ္မတရွေးကောက်ပွဲတစ်ခုတွင် အမည်စာရင်းတင်သွင်းသူ တစ်ဦးသာရှိပြီး ယှဉ်ပြိုင်သူမရှိပါက ထိုသူသည် အလိုအလျောက်ရွေးချယ်ခြင်း မခံရပါ။ မဲဆန္ဒရှင်အားလုံး၏ ဆန္ဒမဲ သုံးပုံတစ်ပုံထက် ပို၍ရရှိမှသာ သမ္မတအဖြစ် အသိအမှတ်ပြုသည်။

(၂) ဒေသန္တရရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီတစ်ခုက PR စနစ်ဖြင့် ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်း စာရင်းတင်သွင်းရာတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်း ပါဝင်စေရန် NEC က အကြံပြုထားသည်။ အမျိုးသားလွှတ်တော်တွင်မူ အမျိုးသမီးကိုယ်စားလှယ်လောင်း အနည်းဆုံး ၅၀ ရာခိုင်နှုန်း ပါရှိစေရမည်ဟု NEC က ညွှန်ကြားထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆

ပြည်သူ့လွှတ်တော်အစည်းအဝေး

သောင်တူးခြင်းကြောင့် မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်/ထွက်ရာ ရေလမ်းကြောင်းကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့လာမည်

နေပြည်တော် ဇွန် ၃၀

ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရေလမ်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဝန်ထမ်း အပြည့်အဝရရှိရေး၊ သားဖွားခုတင်၊ ဝန်ထမ်းအိမ်ရာ၊ ရင်ခွဲရုံ၊ တိုက်နယ်ဆေးရုံနှင့် ခုတင်(၅၀)ဆံ့ ဆေးရုံ တည်ဆောက်ပေးရန် မေးခွန်းတို့နှင့် စပ်လျဉ်း၍မေးမြန်းခဲ့သည်။

ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်းသည့်မေးခွန်းများအပေါ် ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းလိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံ လိုအပ်ချက်များကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်အလိုက်စီမံကိန်းများအရ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၏ မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်/ထွက်ရာ ရေလမ်းကြောင်း တိုးတက်ကောင်းမွန်စေရေးအတွက် သံလွင်မြစ်အတွင်း သောင်တူးခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကောင်းကျိုး၊ ဆိုးကျိုးမည်သို့ရှိမည် ဆိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက မော်လမြိုင်ဆိပ်ကမ်းသို့ ရေယာဉ်ကြီးများ သွားလာနိုင်ရေးသောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သံလွင်မြစ်အတွင်း သောင်တူးခြင်းကြောင့် မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်/ထွက်ရာ ရေလမ်းကြောင်း ကောင်းမွန်လာပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝင်/ထွက်သွားလာနိုင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့လာပြီး ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း၊ မဖြစ်မနေ ဆောင်ရွက်ရမည့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုပေးခြင်းဖြင့် နိုင်ငံတော် ဘဏ္ဍာငွေမှာ သောင်တူးလုပ်ငန်းများအတွက် ငွေကြေးအမြောက်အမြား ကျခံသုံးစွဲရန် မလိုအပ်တော့ခြင်း၊ သောင်တူးလုပ်ငန်းဆောင်ရွက်ရာမှ ထွက်ပေါ်လာသည့် သဲများအား ပြည်ပနိုင်ငံသို့ ရောင်းချခြင်းအားဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိနိုင်ခြင်း စသည့်ကောင်းကျိုးများ ရရှိမည်ဖြစ်ပါကြောင်း၊ ရေလမ်းကြောင်း ကောင်းမွန်လာပြီး လုံလောက်သောရေအနက်ပေ ရရှိလာသောကြောင့် ကုန်ပိုမိုတင်ဆောင်နိုင်သဖြင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကျဆင်းလာခြင်းတို့ရရှိမည်ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့

ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း။

ဆိပ်ကမ်းအာဏာပိုင်နှင့် Star High Asia Pacific Pte., Ltd. တို့သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ချုပ်ဆိုထားသော စာချုပ်သက်တမ်း (၁)နှစ်ဖြစ်ပြီး စာချုပ်သက်တမ်း ပြီးဆုံးပါက မော်လမြိုင်မြစ်ကြောင်း တစ်လျှောက် တိုင်းတာရေး (Survey) ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရေစူး (၆ ဒသမ ၅) မီတာရရှိပါကလုပ်ငန်း ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ စာချုပ်အရ (၁)နှစ်လျှင် သဲတန်ချိန် (၁ ဒသမ ၅) ကုဗမီတာသန်း ထုတ်လုပ်မည်ဖြစ်ပြီး (၁)ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ (၁)ဒေါ်လာနှုန်းဖြင့် ပေးသွင်းမည်ဖြစ်ပြီး နိုင်ငံတော်က အမေရိကန်ဒေါ်လာ (၁ ဒသမ ၅) သန်းရရှိမည်ဖြစ်ပါကြောင်း။

သဲထုတ်လုပ် တင်ပို့ရောင်းချရန်ကိစ္စနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ္တုတွင်းဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံလာသည့်အခါတွင် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ စေလွှတ်၍ နမူနာရယူပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ပေးပါကြောင်း၊ သတ္တုသားပါဝင်မှု ရာခိုင်နှုန်းအရ ရောင်းချမည့် သဲတန်ချိန်များတွင် ပါဝင်သည့် သတ္တု အမျိုးအစားပမာဏ၏တန်ဖိုးမှ ဓာတ်သတ္တုခွန် (၃)ရာခိုင်နှုန်း ကျသင့်ငွေကို သတ္တုတွင်းဝန်ကြီးဌာနက ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက တင်သွင်းသည့် **"၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း"**

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်။

နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခဲ့သည်။

ယင်းဥပဒေကြမ်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် တင်သွင်းခဲ့သော မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆ ဖြစ်ပွားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများ ဆောလျင်စွာ ထုတ်ပြန်ပေးနိုင်ရေးအတွက် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကိုရေးဆွဲခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေပြဋ္ဌာန်းပြီးပါက ထိခိုက်ဒဏ်ရာရရှိသည့် အရေးပေါ်လူနာများအား အချိန်မီဆေးကုသနိုင်ရန်အတွက် ဆေးရုံ၊ ဆေးခန်းများသို့ ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီကူညီပေးပို့နိုင်မည်ဖြစ်သည်။ ယင်းဥပဒေတွင်ပါဝင်မည့် ပုဒ်မများအရ ထိခိုက်ဒဏ်ရာရရှိကြောင်း သိရှိရသည့် တာဝန်ရှိသက်ဆိုင်ရာဝန်ထမ်းသည် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ယင်းဌာန၏ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ရရှိလာသော သဘောတူညီချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ရန်အရေးကြီး

နေပြည်တော် ဇွန် ၃၀

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ **"ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုအား လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို တင်သွင်းရာ၌ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က မြန်မာနိုင်ငံသည် တစ်ချိန်က အရှေ့တောင်အာရှတွင် အချမ်းသာဆုံး၊ ပညာအတတ်ဆုံး၊ အားကစားတွင် အဆင့်အမြင့်ဆုံး၊ ကမ္ဘာတွင် နံပါတ်တစ် ဆန်အထွက်ဆုံးနိုင်ငံအဖြစ်မှနေပြီး ပြည်တွင်းပဋိပက္ခကြောင့် အစစအရာရာတွင် အနိမ့်ကျဆုံးအနေထားကို ရောက်ရှိသွားသည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးဆုံး၊ အခြေခံအကျဆုံးနှင့် အလိုအပ်ဆုံး ဖြစ်နေပါကြောင်း။

ယခုပါတီစုံ ဒီမိုကရေစီခေတ်တွင် ငြိမ်းချမ်းရေးဆွေးနွေးခြင်းကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့်အတူ စားပွဲတစ်ခုတည်း၊ အခန်းတစ်ခန်းတည်းတွင် တစ်ပြိုင်တည်း၊ လက်ရည်တစ်ပြင်တည်း အတူတကွ ဆွေးနွေးလာနိုင်ပြီး ငြိမ်းချမ်းရေးကို အဆင့်တစ်ခုရောက်အောင် တည်ဆောက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်းဖြင့် ထည့်သွင်းတင်ပြသည်။

ထို့ပြင် အဆိုရှင်က မိမိတို့နိုင်ငံတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသော ယခုအချိန်၌ ပြည်တွင်း

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်။

တည်ငြိမ်ငြိမ်းချမ်းရေးသည် အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ရရှိလာသော သဘောတူညီချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ယခုအစိုးရနှင့် မိမိတို့လွှတ်တော်၏ ပထမ သက်တမ်းကာလအတွင်း ဖြစ်ထွန်းရရှိလာသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် လက်ရှိဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များကို ချိတ်ဆက်မှု ပိုမိုပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယခုအချိန်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပဋိပက္ခများကို ချုပ်ငြိမ်းဆောင်ရွက်နိုင်မှသာ မိမိတို့ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသော လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ လုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အမျိုးသားနိုင်ငံရေးတာဝန် တစ်ရပ်အနေဖြင့် ဟန်ချက်ညီညီ ချိတ်ဆက်လုပ်ဆောင်ရန်နှင့် အားပေးထောက်ခံရန် နိုင်ငံသားတိုင်း တာဝန်ရှိသည်ဟု ခံယူပြီး လုပ်ဆောင်ရမည် ဖြစ်ပါကြောင်းဖြင့် ထောက်ပြဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ် ဆန်စပါး ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရခိုင်ပြည်နယ်အတွင်းရှိ လယ်သမားများ စိုက်ပျိုးစရိတ် ရင်းနှီးငွေရရှိရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါး တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက် ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် နှစ်စဉ်မိုးစပါး (၁၁ ဒသမ ၁၂) သိန်းဧက စိုက်ပျိုးလျက်ရှိရာ ဆားငန်ရေဝင်ရောက်သော စပါးစိုက်ဧကများအား ဆားငန်ရေမဝင်ရောက်မီ အချိန်မီ ရိတ်သိမ်းနိုင်မည့် သက်လျင်စပါးမျိုးနှင့် ဆားငန်ဒဏ်ခံနိုင်သော ဆင်းသွယ်လတ် စပါးမျိုးများကို တင်သွင်းစိုက်ပျိုးလျက် ရှိပါကြောင်း၊ ဆားငန်ရေ ဝင်ရောက်မှုမရှိအောင် လယ်သမားတာ (ကာရီ)တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း (၁၄၇) ခုအား ကျပ်သန်းပေါင်း (၁၄၀၅၃ ဒသမ ၆၉ သန်း) အကုန်အကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိပြီး အောင်မြင်ဖြစ်ထွန်းနိုင်သော ဒေသများတွင် စမ်းသပ်စိုက်ပျိုးရန် ဖြန့်ဖြူးပြီးဖြစ်ပါကြောင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေးအတွက် ကွင်းဆင်းပညာပေး၍ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အလားအလာရှိသည့် ကုန်သည်မိတ်ဖက်များကို ဖိတ်ခေါ်ပြီး MoU, Sale Contract ချုပ်ဆိုနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ ဆန်စပါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

EU (ဥရောပသမဂ္ဂ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းအမှတ်စဉ် (၈/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် စမ်းချောင်းမြို့မရဲစခန်းဝင်းရှိ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မွမ်းမံသင်တန်းကျောင်း ရဲကျော်စွာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး EU Project, Mr. David Hamllton က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်ခန်းစာများအား စတင်ပို့ချလျက်ရှိကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသားအခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး တက်ရောက်ကြပြီး ဇူလိုင် ၁၈ ရက်ထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားခြင်းများဖြင့် ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၇-၂၀၁၄ (အင်္ဂါနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀	"ကောင်းကံဆိုးကံအမွေခံ" တရားတော်[မြွေဒူတဆရာတော် ဒေါက်တာ အရှင်ပညိဿရာဘိဝံသ]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၃၅)
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ် (AYA iBanking Service Launch)
၉း၄၀	ဈေးဝယ်လမ်းညွှန်(The Rich Gems & Jewellery) နေပြည်တော်ဆိုင်ခွဲ
၁၀း၄၅	ဗီဒီယိုပြခန်း
၈း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း- ၉၅)

☆ ကျောဖုံးမှ

သွားသည်ကိုတော့ လက်ခံနိုင်ကြမည် မဟုတ်ပါကြောင်း။

ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ဆန်းစစ်ပြုပြင်နိုင်ရန် အတွေ့အကြုံရင့်ကျက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ နောက်ဆုံး အလုပ်ရုံဆွေးနွေးပွဲဖြစ်သည့်အတွက် ပြီးခဲ့သည့်အလုပ်ရုံဆွေးနွေးပွဲများမှ ဆွေးနွေးချက်များ အကြံပြုချက်များသည် ယခုနှင့် အနာဂတ် နိုင်ငံတော်၏ လိုအပ်ချက်များနှင့် အနီးစပ်ဆုံးဖြစ်ရန် လိုအပ်ပါကြောင်း။

တစ်နိုင်ငံလုံးရှိ ကျန်းမာရေးဌာနအလုံးစုံ လိုအပ်သည့် လက်ထောက်ဆရာဝန်၊ အထူးကုဆရာဝန်နှင့် သူနာပြု၊ သားဖွား၊ ကျွမ်းကျင်များ ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်သည့် အကြံပြုချက်၊ ဆုံးဖြတ်ချက်၊ စီမံချက်ဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည့် လိုအပ်ချက်များနှင့် လွဲချော်သွားသည့် ခေါင်းစဉ်ဆွေးနွေးခြင်းမျိုး မဖြစ်စေရန်လည်း သတိချပ်ရမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဆရာဝန်၊ သူနာပြု၊ သားဖွား၊ ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်သည့်နေရာများတွင် အပြည့်အဝခန့်ထားပေးနိုင်ရေး၊ ပိုလျှံနေသည့် အရင်းအမြစ်ကိုလည်း အကျိုးရှိရှိ အသုံးချနိုင်ရေး၊ နိုင်ငံတကာရောက် မြန်မာနိုင်ငံသား အရင်းအမြစ်များ လာရောက်နိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ အားပေးမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

လိုအပ်ချက်ကို အမြန်ဆုံးဖြည့်နိုင်ရန် ဒီပလိုမာသင်တန်းများ ဖွင့်မည်ကို သဘောကျသူများရှိသကဲ့သို့ သဘောမကျသူများလည်းရှိပါကြောင်း၊ နှစ်ဖက်စလုံး၏အကြောင်းပြချက်များက မှန်နေပါကြောင်း၊ ဘွဲ့လွန်ကို လျှောက်ထားစေရာတွင် ဒီပလိုမာသင်တန်းကို ဖြတ်သွားရန်နှင့် မဟာဘွဲ့ကို သီးသန့်စီလျှောက်ထားရန် အယူအဆနှစ်ခုကြား အငြင်းပွားလျက်ရှိပါကြောင်း၊ မဟာဘွဲ့ကို လေး၊ ငါးကြိမ်လျှောက်ထားပြီး မရနိုင်သည့်သူများ ဒီပလိုမာဘက်ကို လျှောက်လာမယ်ဆိုသည့် မျှော်လင့်ချက်ဖြင့် သီးခြားစီခွင့်ပြုခဲ့သည်ဟု သိရှိရပါကြောင်း။

လျှောက်ထားသည့်စာရင်းများအရ နိုင်ငံတော်၏ လိုအပ်ချက်ကို မည်သို့မျှ ဖြည့်နိုင်မည်မဟုတ်သည့်အတွက် ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များတွင် တင်ပြကြသည့် လူ့စွမ်းအားလိုအပ်ချက်သည် ကြီးမားပါကြောင်း၊ လက်ရှိအခြေအနေတွင်လည်း လိုအပ်ချက်များစွာရှိပါကြောင်း၊ လိုအပ်ချက်များကို မဖြည့်ပေးနိုင်သမျှ လူတန်းစားအလွှာအားလုံး အသက်အန္တရာယ်ရှိနေမည်ဖြစ်ပါကြောင်း၊ ထို့အတွက် မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း။

ကုသမှုအရည်အသွေးမြှင့်တင်ရေးတွင်လည်း ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ စက်ပစ္စည်းကိရိယာ၊ ဝန်ထမ်းအဆင့်ဆင့်အတွက် နည်းပညာသင်တန်း၊ စံကုထုံးကုနည်းလမ်းညွှန်ထုတ်ဝေရေး၊ လူနာညွှန်းပို့ဆိုင်ရာ ကွန်ရက်ရေးဆွဲရေး၊ ပြည့်စုံသည့် လူနာတင်ယာဉ်စနစ် ပေါ်လာရေး၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေး စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း။

ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးလက်နှင့် မြို့ပြဆင်ခြေဖုံးအထိ လွှမ်းခြုံနိုင်ရေး၊ ဒေသန္တရကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ တိုးချဲ့ရေး၊ အခြေခံကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားအရည်အသွေးပြည့်ဝရေး၊ သားဖွားဆရာမများ၏ အဓိကတာဝန်ကို တာဝန်ပေးရေး၊ ကျောင်းကျန်းမာရေးလုပ်ငန်းမြှင့်တင်ရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် မလွန်ကဲရေး၊ ကျန်းမာရေးပညာမြှင့်တင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်အချိန်တွင် လူတိုင်း၏ ကိုယ်ပိုင်ဝင်ငွေမှ ကျသင့်ငွေပေးချေသည့် အချိုးအစားလျော့ကျစေသော စနစ်မျိုးရှိလာစေရေး၊ သာတူညီမျှရှိသည့် ကျန်းမာရေးအာမခံစနစ်ရရှိစေရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းပါဝင်သည့်စနစ်မျိုး ရရှိရေးတို့ကိုလည်း အကြံပေး ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍဖွဲ့စည်းပုံပြင်ဆင်ရေး ခေါင်းစဉ်အောက်တွင်လည်း အုပ်စုများဖွဲ့၍ ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းအားလုံးကို ကွပ်ကဲချုပ်ကိုင်နေရသည့် ဦးစီးဌာန ခုနစ်ခု၏ တာဝန်များ စီမံခန့်ခွဲကြရာတွင် ဦးစီးဌာနတစ်ခုချင်းစီ၏ ဝန်နှင့်အား မျှတနိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်သည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ထမ်းဆောင်ရမည့် တာဝန်နှင့် ပေးထားသည့်အင်အား မမျှတပါက လုပ်ငန်းစွမ်းဆောင်နိုင်မှု ကျဆင်းပြီး လုပ်ငန်းတစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်နိုင်ပါကြောင်း။

ဝန်နှင့်အား မျှတသော်လည်း လုပ်ငန်းများ ဖလိုဖရဲဖြစ်ပြီး ပီပြင်ပြီးပြတ်အောင် မလုပ်နိုင်ခြင်းသည် ဝန်ထမ်းများ၏ စွမ်းရည်ကျဆင်းနေခြင်းနှင့် ကြီးကြပ်မှုအားနည်းခြင်းတို့ကြောင့် ဖြစ်နိုင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန ခုနစ်ခုတွင် လုပ်ငန်းအများဆုံးသည် ကျန်းမာရေးဦးစီးဌာနဖြစ်ပြီး ဝန်ကြီးဌာနလုပ်ငန်း၏ (၈၀) ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ကျန်းမာရေးကဏ္ဍဖွဲ့စည်းပုံပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မအားလပ်သည့်ကြားက ကြွရောက်ဆွေးနွေးပေးကြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ဆရာ ဆရာမကြီးများအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် နိုင်ငံတကာနှင့် ယှဉ်ပြီး နိုင်နိုင်နင်းနင်း စီမံခန့်ခွဲသွားနိုင်စေရန်နှင့် ကျန်းမာရေးကဏ္ဍ ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးအတွက် ဆွေးနွေးအကြံဉာဏ်ပေးကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်ဆိုင်ရာ ကိစ္စရပ်များ၊ ရောဂါကာကွယ်တားဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်ဆိုင်ရာကိစ္စရပ်များနှင့် ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များဆိုင်ရာ ကိစ္စရပ်များကို အုပ်စု(၅)စုဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို ရွှေ်ရယ်ကုမုဒြာဟိုတယ်၌ ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၃၀

မြန်မာ့ကျောက်မျက်ရတနာများ ခင်းကျင်းပြသရောင်းချသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ် ဇရိယာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုလေ့လာမှတ်သား၍ ဈေးနှုန်းများ အရည်အသွေး ပြည့်ဝကောင်းမွန်လှသည့် မြန်မာ့ကျောက်မျက်ရတနာများသည် ဖြူ နီ ပြာ ဝါ အရောင်အသွေး စုံလင်လှသည့် နိုင်ငံတကာ ရတနာကုန်သည်များ အလယ်တွင် ထည်ဝါခံ့ညားလှပလျက် ရှိနေကြသည်။

သူ့ထက်ငါ အပြိုင်တင်သွင်းနေကြသည့်မြင်ကွင်းကိုလည်း တွေ့မြင်နေရသည်။

ညနေပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်သည် ကျောက်စိမ်းတွဲများ တင်ဒါတင်သွင်းနေမှုများနှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းတွဲအမှတ် (၃၆၀၁) မှ (၄၈၀၀) ထိ ကျောက်စိမ်းတွဲပေါင်း ၁၂၀၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။

ပြပွဲသို့ တက်ရောက်လာသော တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲရန်မြို့မှ ကျောက်မျက် ရတနာကုန်သည် လင်ကျားသိုက်က "ဒီနေ့ ကျွန်တော်အရမ်းရင်ခုန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့အပြိုင် တင်ဒါတင်သွင်းသူတွေ များပြားနေလို့ပါ။ ကျွန်တော်ပေးနိုင်တဲ့ ဈေးတွေကပဲ ဒီပွဲတွေမှာအောင်မလား။ သူများတွေကပဲ အောင်သွားမလား။ ကျွန်တော်ရင်မောနေရတယ်ဗျ။ ကျွန်တော် ဒီလိုပြပွဲကိုလာတာ လေးကြိမ်ရှိသွားပါပြီ။ ဒီနိုင်ငံရဲ့ ရာသီဥတု၊ ဖော်ရွေတဲ့အပြုံး၊ ကူညီတတ်တဲ့စေတနာတွေကို ကျွန်တော် လေးစားနှစ်သက်ပါတယ်"ဟု ပြောကြားသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၃၀

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၇ ဒသမ ၀၅ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ဘားအံ(စိုက်ပျိုးရေး)တွင် ၃ ဒသမ ၅၄ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၄၆ လက်မနှင့် မြောက်ဦးမြို့တွင် ၃ ဒသမ ၂၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသော ဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများ သိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂)တွင် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၄ မှ နည်းဥပဒေ ၁၃ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ထုတ်နုတ်၍ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၄။ ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားရာတွင်-

(က) ရာထူးသည် အမြဲတမ်းလစ်လပ်သည့် ရာထူးဖြစ်ရမည်။
(ခ) တစ်ချိန်တည်း၌ ဝန်ထမ်းတစ်ဦးထက် ပို၍ ခန့်ထားခြင်းမပြုရ။
(ဂ) ဝန်ထမ်းတစ်ဦး၏ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ရှိထားသည့်ရာထူး၌ အခြားဝန်ထမ်းတစ်ဦးကို အတည်ပြုခန့်ထားခြင်း မပြုရ။
(ဃ) ဝန်ထမ်းသည် အသက် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရမည်။
(င) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

နည်းဥပဒေ ၅။ နည်းဥပဒေ ၄ အရ အတည်ပြုခန့်ထားခြင်းခံရသော ဝန်ထမ်းသည်-

(က) နိုင်ငံတော်၏ အကျိုးအတွက် လိုအပ်လျှင် အချိန်ပြည့်တာဝန်ထမ်းဆောင်ရမည်။
(ခ) မူလတာဝန်အပြင် အခြားလိုအပ်သောတာဝန်များကိုပေးအပ်ပါက ထမ်းဆောင်ရမည်။

နည်းဥပဒေ ၆။ အတည်ပြုခန့်ထားခြင်းခံရသည့် ဝန်ထမ်းတစ်ဦးသည်-

(က) ရာထူးဆိုင်ရာတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ သတ်မှတ်ထားသည့်လစာနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။
(ခ) ပြည်ပတွင်တာဝန်ဖြင့် ရောက်ရှိနေစဉ်အချိန်တွင်လည်းကောင်း၊ ပညာသင်ကြားနေစဉ်အချိန်တွင်လည်းကောင်း၊ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရပါက တိုးမြှင့်ခန့်ထားသည့် နေ့ရက်မှစ၍ ယင်းရာထူးလစာကို ခံစားခွင့်ရှိသည်။
(ဂ) ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် ပြည်တွင်း ပြည်ပတာဝန်ထမ်းဆောင်နေချိန်အတွင်း ရာထူးတိုးမြှင့်ခံရပါက ယင်းကာလပြီးဆုံး၍ မိခင်ဌာနတွင် ပြန်လည်တာဝန်ထမ်းဆောင်ချိန်မှသာ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာကို ခံစားခွင့်ရှိသည်။

နည်းဥပဒေ ၇။ ဝန်ထမ်းတစ်ဦးသည် အောက်ပါအချိန်ကာလများတွင် မူလရာထူး၌ ရာထူးအနွယ်ပိုင်ဆိုင်ခွင့် ဆက်လက်တည်ရှိသည်-

(က) အမြဲတမ်းရာထူးတစ်ခုတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နေသည့် ကာလ၊
(ခ) ပြည်တွင်း၊ ပြည်ပ၌ ဌာန၏ခွင့်ပြုချက်ဖြင့် ပညာလေ့လာဆည်းပူးနေသည့်ကာလ၊
(ဂ) အခြားရာထူးတစ်ခု၌ ခေတ္တပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသည့် ကာလ၊
(ဃ) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ပြည်တွင်း၊ ပြည်ပတွင် လွှဲပြောင်းတာဝန်ထမ်းဆောင်နေသည့်ကာလ၊
(င) ရာထူးတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ ကူးပြောင်းချိန်အတွင်း၌ ရှိနေသည့်ကာလ၊
(စ) ခွင့်ခံစားနေသည့်ကာလ၊
(ဆ) တာဝန်မှယာယီရပ်ဆိုင်းခြင်းခံထားရသည့် ကာလ။

နည်းဥပဒေ ၁၀။ ပြစ်ဒဏ်တစ်ရပ်အဖြစ် အဆင့်နိမ့်ရာထူးသို့ ကာလသတ်မှတ်ချက်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်ကိစ္စတွင် ယင်း ဝန်ထမ်း၏ရာထူးအနွယ်သည် မူလရာထူး၌သာရှိပြီး အဆင့်နိမ့်ရာထူး၏ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ကို မရရှိစေရ။

နည်းဥပဒေ ၁၂။ ဝန်ထမ်းတစ်ဦးသည် ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်နေသည့်အခါမှတစ်ပါး ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှတစ်ဆက်တည်း ငါးနှစ်ကင်းကွာလျှင် ကင်းကွာသည့်ကာလ ငါးနှစ်ပြည့်သည့်နေ့၏ နောက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်သည်။

အဓိပ္ပာယ်ဖော်ပြချက်။ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်ဆိုသည်မှာ ဖွဲ့စည်းပုံပါ လစ်လပ်သော အမြဲတမ်းရာထူး၌ အတည်ပြုခန့်အပ်ပိုင်ဆိုင်ခွင့်ရရှိခြင်းကို ဆိုသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့် အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

aroufkm;0D

ယဉ်ကျေးမှုကို ထိန်းသိမ်းထား မြန်မာ့သားကောင်းသမီးများ

လူဟူသည်မှာ တစ်ဦးတည်း တစ်ယောက်တည်းနေ၍ မရပါပေ။ အသေးငယ်ဆုံးသော မိသားစုမှအစပြု၍ မောင်နှမသားချင်း၊ ဆွေမျိုး၊ မိတ်ဆွေအိမ်နီးချင်း၊ တစ်လမ်းတည်း၊ တစ်ရပ်ကွက်တည်း၊ တစ်မြို့တည်း စသည်ဖြင့် အစုအဝေး၊ အသိုင်းအဝိုင်းနှင့်နေကြရာမှ တိုင်းပြည်၊ နိုင်ငံ စသည်ဖြင့် ကမ္ဘာကြီးတစ်ခုဖြစ်လာရသည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၂၀၀ ခန့်ရှိသည်။ ရေမြေသဘာဝမတူညီကြ။ ရာသီဥတုမတူညီကြ။ အသားအရောင်၊ အစားအသောက်၊ နေထိုင်မှုစနစ်၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူညီကြသည်ကို လေ့လာသူတိုင်း သိရှိကြသည်။

ယှဉ်တွဲနေထိုင်သူအချင်းချင်း သင့်မြတ်အောင် ပေါင်းရခြင်း၊ အပေးအယူမျှအောင် နေထိုင်ကြခြင်းဖြင့် သာယာလှပသောပတ်ဝန်းကျင်များဖန်တီး၍ ဘဝများကို တည်ဆောက်ကြရသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပေါင်းသင်းဆက်ဆံရာတွင်လည်း ထိုနည်းတူပင်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများကို လေးစားကြရသည်။ ဖလှယ်၍ရသောအကြောင်းအရာများကို အပြန်အလှန်ဖလှယ်ကြရသည်။

နိုင်ငံများကို လေ့လာကြည့်ပါက မိမိရိုးရာ ဓလေ့ထုံးတမ်း ယဉ်ကျေးမှုများကို တန်ဖိုးထားထိန်းသိမ်းကြသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်သည် ယဉ်ကျေးမှုပင်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိစောင့်ထိန်းအပ်သော ယဉ်ကျေးမှုအမွေအနှစ်များကို မထိန်းသိမ်းနိုင်ခဲ့ပါလျှင်၊ ကွယ်ပျောက်အောင်ပြုလုပ်ခဲ့ပါလျှင် နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်။

ယဉ်ကျေးမှုပျောက်က လူမျိုးပါပျောက်ကွယ်သွားနိုင်ပါသည်။ လူမျိုးပျောက်က နိုင်ငံပါပျောက်နိုင်သည်ဟူသော အချက်ကို အထူးသတိပြုသင့်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လှပေသည်။

ယဉ်ကျေးမှုဟူသည် တတ်သိလိမ္မာမှုနှင့် လူမှုအဆင့်အတန်းကို အစဉ်အလာအားဖြင့် ထိန်းသိမ်းလာသော ဓလေ့ထုံးတမ်းစဉ်လာများပင်ဖြစ်သည်။ လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားလေ လူ့တန်ဖိုး၊ လူ့သိက္ခာမြင့်မားလေဟု ဆိုရမည်ပင်။ လူတို့၏ အဆင့်အတန်းသည် ကိုယ်ကျင့်သိက္ခာပေါ်တွင် လုံးဝမူတည်သည်။

ဘာသာတရား၏အဆုံးအမအရ မြန်မာလူမျိုးတို့သည် "ဟီရိဩတ္တပ္ပ"ဟူသော လောကပါလတရားနှစ်ပါးကို လက်ကိုင်ထားသည့် ယဉ်ကျေးသိမ်မွေ့သော လူမျိုးဖြစ်ပါသည်။ မြတ်ဗုဒ္ဓကိုယ်တိုင် ဟောကြားတော်မူသော "ဟီရိဩတ္တပ္ပ" ဟူသော "အရှက်"နှင့် "အကြောက်"တရားမရှိပါလျှင် တိရစ္ဆာန်နှင့်မခြားဘဲ ကမ္ဘာကြီးပင် ပျက်စီးနိုင်သည့် အခြေအနေရှိပါသည်။

ယဉ်ကျေးမှုဟူသည်မှာ ဘာသာတရားနှင့်ဆက်နွှယ်သည်။ ဂီတနှင့်တွဲဖက်သည်။ စာပေနှင့်ယှဉ်တွဲသည်။ ဝတ်စားဆင်ယင်မှုနှင့် ခွဲထား၍မရပါပေ။ ထိုအချက်များပေါ်တွင် မူတည်၍ ယဉ်ကျေးမှုဟု သတ်မှတ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုကို တိုင်းတာသောအချက်အလက်များပင်ဖြစ်သည်။ ထိုအချက်များက ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြသည်။

ထိုအချက်များပေါ်တွင်မူတည်၍ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းကို သုံးသပ်ကြည့်နိုင်ပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်သဖြင့် မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော "ဗြဟ္မာဝိဟာရ"တရားလေးပါးကို လက်ကိုင်ထားသူများဖြစ်ကြပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများကို လက်ကိုင်ထား၍ သည်းခံခွင့်လွှတ်နိုင်မှုများဖြင့် အကောင်းဘက်ကိုသာ ဦးတည်ကြပါသည်။ လက်စားချေခြင်းသည် မြန်မာတို့၏ ဓလေ့မဟုတ်ပါ။

မြတ်ဗုဒ္ဓဟောကြားခဲ့သော (၃၈)ဖြာ မင်္ဂလာတရားတော်များတွင် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို ညွှန်ပြဆုံးမထားပါသည်။ ဗုဒ္ဓဘာသာဝင်အများစုက လက်ခံလိုက်နာကျင့်သုံးကြပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဖြစ်ရသည်မှာ ကံကောင်းလှသည်ဟု ဆိုရပါမည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကြောင်းတရားများကို သိရှိလိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းသောအကျိုးရလဒ်များရရှိနိုင်သည့် အခွင့်ကောင်းများရှိပါသည်။

ဘာသာတရားတိုင်းတွင် ယဉ်ကျေးမှုရှိကြပါသည်။ မြန်မာတို့၏ယဉ်ကျေးမှု၌ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ မိတ်ဆွေဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ သခင်နှင့်ကျွန် ကျင့်ဝတ်တို့ပင် အတိအကျရှိသည်ကို လေ့လာကြည့်ပါက အလွန်ပင် "ကျင့်ဝတ်သိက္ခာ"အရာ၌ အဆင့်အတန်းမြင့်သည်ကို တွေ့ရပေမည်။ "ကျင့်ဝတ်သိက္ခာ၊ ကိုယ်ကျင့်တရား"ပင်လျှင် ယဉ်ကျေးမှုတန်ဖိုးဖြစ်ပါသည်။

မြန်မာတို့၏ စာပေအဆင့်အတန်းကို လေ့လာကြည့်ပါလျှင်လည်း အလွန်ပင် အဆင့်အတန်းမြင့်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ မြန်မာတို့၏စာပေသည် အလွန်နက်နဲ၊ ခက်ခဲ၊ ကျယ်ဝန်း၍ ဝေါဟာရအလွန်ပင်ကြွယ်ဝသည်။ လေ့လာ၍ မဆုံးအောင်ပင် လေးနက်လှပေသည်။ စကားလုံးတစ်လုံး၊ စာတစ်လုံးကိုပင် အဓိပ္ပာယ်မျိုးစုံ ဖွင့်ဆိုနိုင်သော အဆင့်အတန်းမြင့်၍ လေ့လာရန်ခက်ခဲလှသော စာပေကို မြန်မာလူမျိုးတို့ ပိုင်ဆိုင်ကြပါသည်။ "ပါဠိစာပေ"သည်လည်း မြန်မာတို့၏ စာပေတွင်ပါဝင်သည်။ ခက်ခဲလှသော စာပေကို ယခုအခါ မြန်မာစာ(စိတ်ကြိုက်)များကို သင်ယူသူနည်းပါးလာကြောင်း သိရသဖြင့် နှမြောတသဖြစ်ရသည်။

မြန်မာတို့၏ ခေတ်အဆက်ဆက် လူ့ယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်များကို ပေထက်အက္ခရာတင်၍ စာပေဖြင့် ထိန်းသိမ်းမှတ်တမ်းတင်ခဲ့ကြသဖြင့် မိမိတို့၏အစဉ်အလာကြီးမားလှသော ယဉ်ကျေးမှုအမွေအနှစ်များကို သိရှိခွင့်ရကြခြင်းဖြစ်သည်။ စာပေပညာရှင်များတွင် အမျိုးသမီးစာဆိုတော်များ ပေါ်ထွန်းခဲ့ကြောင်း လေ့လာသိရှိနိုင်ပေသည်။

မြန်မာတို့တွင် ရှည်လျားသော သမိုင်းတစ်လျှောက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေဖြင့်သာ ရပ်တည်ခဲ့ကြသည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို သိမြင်နိုင်ရန် လိုအပ်လှပါသည်။ မြန်မာ့ရှေးဟောင်းအမွေအနှစ်များကား တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်လှသည်။

မြန်မာတို့၏ လက်မှုပညာများဖြစ်သော "ဘုရားမတင်၊ နတ်မဝင် လူတွင် ပန်းဆယ်မျိုး"ဟုဆိုသော ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း"စသည်တို့သည် မြန်မာတို့၏ ထူးခြားသော "ပန်းဆယ်မျိုး"အတတ်ပညာပင်ဖြစ်သည်။ ယဉ်ကျေးမှုအတတ်ပညာအမွေအနှစ်များပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံအနှံ့ ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ သိမ်၊ ကျောင်း စသည်များတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာ ပန်းဆယ်မျိုးဖြင့် လှပစွာ တန်ဆာဆင်ထားသည်ကို လေ့လာကြည့်ပါက အနုစိတ်၍ လွန်စွာလက်ရာကောင်းမွန်လှကြောင်း အံ့ဩဖွယ်ရာ တွေ့မြင်နိုင်ကြပါသည်။ နိုင်ငံတကာမှ လာရောက်လေ့လာသူများအား ဆွဲဆောင်နိုင်သော မြန်မာ့ယဉ်ကျေးမှုအနုအလှလက်ရာများပင် ဖြစ်ပါသည်။

ထိုယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်စေရန်၊ ထိန်းသိမ်းနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတာဝန်ပေးအပ်ထားသော်လည်း နိုင်ငံသားတိုင်းက ဝိုင်းဝန်းထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ကြီးမားသော ယဉ်ကျေးမှုအစဉ်အလာရှိသည့် မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှုနှင့်ပတ်သက်၍ မည်သည့်နိုင်ငံကိုမျှ တုပရန် မလိုအောင် ပြည့်စုံလှပါသည်။ အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို မပျက်မကွက် လက်ဆင့်ကမ်းစောင့်ထိန်းပေးရန်သာ "ကြီးလေးသောတာဝန်"တစ်ရပ် ဖြစ်ပေသည်။

ဂီတ၊ အနုပညာနှင့် ပတ်သက်၍လည်း တိကျသော ယဉ်ကျေးမှုအမွေအနှစ် မြောက်မြားစွာရှိသည့်အတွက် ထိုအမွေအနှစ်များ မပျောက်ပျက်စေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ ခေတ်ပေါ်တေးများ၊ ဂန္ထဝင်တေးများ၊ မဟာဂီတ စသည့် အပိုင်းများထည့်သွင်းကျင်းပပေးရာတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်၍ ဂီတအဆင့်အတန်းမြှင့်တင်ပေးကြသည်။

ရိုးရာအားကစားပွဲများ မပျောက်ပျက်စေရန်လည်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲများ၊ ခြင်းလုံးပြိုင်ပွဲများ စသည်တို့ကိုလည်း ကျင်းပပေးလျက် မြန်မာ့ရိုးရာဓလေ့စရိုက်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြသည်မှာ ဝမ်းမြောက်ဖွယ်ရာဖြစ်ပါသည်။ ထိုပြိုင်ပွဲများတွင်လည်း အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်အစွမ်းပြနိုင်ကြပါသည်။

ယဉ်ကျေးမှုနှင့်ခွဲထား၍မရသော ဝတ်စားဆင်ယင်မှုအပိုင်းသည် ပိုမိုအရေးကြီးသည့်အချက်အလက်များဖြစ်ပေသည်။ မျက်မှောက်ခေတ်တွင် ပိုမိုအရေးကြီးသည်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်မှုများ အရှိန်အဟုန်မြှင့်လာကြသကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင်လည်း ရောထွေးယှက်တင်ဖြစ်လာသည်ကို တွေ့မြင်ရသည်။ ကူးစက်မှုနှုန်း အလွန်မြန်သည်ဟု ဆိုနိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှုသည် ခေတ်အဆက်ဆက်တွင် 'တောင်းမှာ အကွပ် လူမှာအဝတ်'ဟူသော ဆိုရိုးစကားနှင့်အညီ သိက္ခာရှိစွာ ဝတ်စားဆင်ယင်မှုမျိုးကို တွေ့မြင်နိုင်ပေသည်။ မြန်မာတို့၏ ရိုးရာကြိုးကြီးချိတ်ထဘီ၊ ထိုင်မသိမ်းအင်္ကျီ စသည်တို့သည် တန်ဖိုးမြင့်လှသဖြင့် အခြားသူများအတုယူ၍ ဝတ်ဆင်နိုင်ခြင်းမရှိပေ။

အချို့မြန်မာအမျိုးသမီးများသည် အခြားသောနိုင်ငံပေါင်းစုံ၏ဝတ်စားဆင်ယင်မှုပုံစံများကို ထက်ကြပ်မကွာလိုက်၍ ဝတ်စားဆင်ယင်ကြသည်ကို တွေ့မြင်ရပေသည်။ ယနေ့ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည့် အခြားနိုင်ငံအသီးသီးမှ အမျိုးသမီးများသည် မြန်မာ့ရိုးရာဒေသထွက်အထည်များကို ဝတ်ဆင်ကြည့်ကြသည်။

လက်ရာကောင်းလှ၍ တန်ဖိုးကြီးမားသည့်ကြိုးကြီးချိတ်များကိုမူ မိမိနိုင်ငံသူများသာ ဝတ်ဆင်နိုင်သည့် 'ဂုဏ်' သည် မြင့်မားလှပေသည်။ မည်သည့်နိုင်ငံကမျှ ဤကဲ့သို့ အဆင်အသွေးကောင်း၊ အဆင့်အတန်းမြင့်သည့် ချိတ်လုံချည်မျိုးမပြုလုပ်နိုင်ပါ။ ခေတ်ပေါ်စက်များဖြင့်ထိုး၍ ချိတ်အဆင်ပြုလုပ်ကြသော်လည်း မူရင်းလက်ရက်ကန်းစင်ဖြင့် ရက်လုပ်ထားသော အဖိုးတန်ကြိုးကြီးချိတ်အလှကိုဖြင့် မမီနိုင်ပါချေ။

ဤမျှမိန်းကလေးတို့၏ ကျက်သရေကို တုနှိုင်းမမီအောင် အလှဆင်နိုင်သော မြန်မာ့ယဉ်ကျေးမှုအဝတ်အစားများကို မြတ်နိုးမှုမရှိ။ နိုင်ငံတကာကဝတ်စားဆင်ယင်မှုများကို အတုယူ၍ ဝတ်ဆင်မှ ခေတ်မီသည်ဟုထင်နေကြသည်မှာ အလွန်လွဲမှားသော အထင်ကြီးမှုပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ကြိုးကြီးချိတ်မှ မဟုတ်ပါ။ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှထွက်ရှိသော ဒေသထွက် ရိုးရာအဝတ်အထည်များ ဝတ်ဆင်စရာ အဆင်အသွေးမျိုးစုံကို ခေတ်မီ၍ လုံခြုံသောပုံစံများဖြင့် ဝတ်ဆင်သည့်အလှသည် လွန်စွာပင်ကျက်သရေရှိ၍ ပေါ်လွင်လှပါသည်။

ယခုအခါတွင် အဝတ်အထည်များကို ပုံစံမျိုးစုံထုတ်၍ ချုပ်နိုင်သော အတတ်ပညာရှင်များလည်း ပေါ်ထွန်းလာပြီဖြစ်သည်။ မြန်မာအမျိုးသမီးများ၏ သတို့သမီးဝတ်စုံများ၊ ချိတ်ထဘီများ၊ ပန်းထိုးထည်အမျိုးမျိုး၊ ဒေသထွက်ရိုးရာ ဝတ်စုံများကို လှပသစ်လွင် လုံခြုံယဉ်ကျေးသော ခေတ်မီပုံဆန်းများဖြင့် ဝတ်ဆင်ကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။

သို့သော်လည်း အနည်းစုကိုသာ တွေ့ရ၍ အများစုမှာမူ မပေါ့တပေါ်ပုံစံများ၊ တမင်ဖော်သည့်ပုံစံများကို ဝတ်စားဆင်ယင်ပြသကြသည်ကို တွေ့ရသဖြင့် မြန်မာ့ဝတ်စုံပုံစံများ ပျောက်ကွယ်သွားလေမလားဟု လွန်စွာ စိုးရိမ်မိပါသည်။

ထိုအချက်ကို အလေးဂရုပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာအမျိုးသမီးများနေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်တကွ ပြည်နယ်/တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့များက နိုင်ငံအနှံ့ တစ်နိုင်တစ်ပိုင် ဝတ်စားဆင်ယင်မှုပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပေးနေကြခြင်းဖြစ်ပေသည်။

ထိုအဖွဲ့အစည်းများသာမက မြန်မာအမျိုးသမီးတိုင်း ဤအချက်ကို အထူးအလေးထား၍ လိုက်နာကျင့်သုံးထိန်းသိမ်းကြရန် လိုအပ်လှပါသည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်သော အမျိုးသမီးများအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းလိုသော စိတ်ဓာတ်ရှိရန် အထူးပင် လိုအပ်လျက်ရှိပါသည်။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော မြန်မာနိုင်ငံတွင် နေထိုင်ကြသော အမျိုးကောင်းသားသမီးတို့သည် ဝတ်စားဆင်ယင်မှုကိုသာ အတုယူစရာမလိုဘဲ အခြားနိုင်ငံများ၏ ကောင်းမွန်သော အတုယူစရာနည်းပညာများကိုသာ လေ့လာသင်ယူ၍ မိမိနိုင်ငံအတွက် အသုံးချနိုင်အောင်ကြိုးစားသင့်လှပါသည်။

အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်နေသော ယနေ့မျက်မှောက်ခေတ်တွင် ကောင်းသောနည်းပညာ တိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်သကဲ့သို့ မိမိတို့၏ ရိုးရာဓလေ့ ယဉ်ကျေးမှုများကိုလည်း ပျောက်ကွယ်မသွားရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည်လည်း ယနေ့လူငယ်လူရွယ် အမျိုးသား အမျိုးသမီးများအားလုံးတွင် တာဝန်ရှိပေသည်။

အထူးသဖြင့် အမျိုးသမီးများသည် သဘာဝအားဖြင့် လှပချင်ကြသည်။ လှလိုသဖြင့်ဝတ်ဆင်ကြသောပုံစံများသည် မိမိ၏ သိက္ခာကျစေလောက်သော ပုံစံမျိုးမဖြစ်သင့်ပေ။ နဂိုအသားအရေလှပသော လူမျိုးဖြစ်သည့်အလျောက် "အရွယ်၏ လှပခြင်း" အပေါ်တွင် သိက္ခာရှိစွာလှပနေအောင်ဝတ်ဆင်၍ အလှဆင်နိုင်ကြပါစေဟူသော စေတနာဖြင့် သတိပေးရင်း ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော "မြန်မာအမျိုးသမီးများနေ့"ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

အမျိုးကောင်းသားသမီးများအားလုံး ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ။ ။

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးဂုဏ်အင်

❀ သမီးမိန်းကလေးမွေးဖွားသန့်စင်
ငယ်စဉ်ကာလ၊ ရွယ်အစမှ
မိဘသွန်သင်၊ နားမှာယဉ်၍
စဉ်လာကောင်းမြတ်၊ ယဉ်ကျေးတတ်က
ဘာသာကိုသိ၊ သဒ္ဓါရှိပြီး
လူကြီးမိဘ၊ ရိုသေကြက
ဂါရဝအမှု၊ လေးစားပြုလုပ်
ကိုယ်နှုတ်သိမ်မွေ့၊ ဓလေ့ရိုးရာ
မြန်မာရင်သွေး၊ မိန်းကလေးတွင်
ပင်ကိုဇာတိ၊ ရက်ကြောက်ရှိ၍
သိက္ခာတန်ကြေး၊ အလေးထားဆင်ခြင်
မြန်မာအမျိုးသမီးဂုဏ်အင်. . . .

❀ ချိန်တန်သင့်လျော်၊ အရွယ်ရောက်ကြ
မိဘကြည်ဖြူ၊ ရည်တူမျှ၍
ဘဝထဲဝင်၊ အိမ်ထောင်ရှင်သည်
ခင်ပွန်းလင်အား၊ အမှူးထား၍
လေးစားဂုဏ်တင်၊ မြတ်နိုးကြင်ကာ
သစ္စာမယွင်း၊ မေတ္တာနှင်းပြီ
ဇနီးဝတ္တရား၊ သမီးသားနှင့်
သွားကျိုးဆံဖြူ၊ အေးအပူမျှဝေ
ရိုးမြေကျတိုင်၊ တူမြဲခိုင်ရာ
မြန်မာနိုင်ငံသူ၊ ဓလေ့မှုကို
ဂုဏ်ယူစံထား၊ သမီးများစဉ်ဆက်
ကမ်းလျက်ထာဝစဉ်၊ မြန်မာမိခင်
မြန်မာအမျိုးသမီးဂုဏ်အင်. . . .

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက် (မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)

နန်းမွန်ဟိန်း

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၇-၂၀၁၄ (အင်္ဂါနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၅	မမ္မူဇာတေး
၆း၄၅	မှတ်တမ်း
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	မြတ်နိုးစရာ ရိုးရာလက်မှုပညာ
၈း၃၅	ခရီးလည်းသွားစကားလည်းဆို
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	အင်္ဂလိပ်စာသုတ
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မာရီမာ (အပိုင်း-၄၀)
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြွေလွှာထက်ကတော်ဝင်လက်ရာ (အပိုင်း-၄၃)
၆း၁၅	Let's Go
၆း၃၅	Dream Team
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖက်ရှင်ချိုချဉ် (အပိုင်း-၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း

◆ စာမျက်နှာ ၆ မှ

ယခုရွေးကောက်ပွဲ၌ မြို့ကြီးများနှင့် ပြည်နယ်ကောင်စီဝင် ကိုယ်စားလှယ်လောင်းများ (PR စနစ်)တွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ ၇၀ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်ပြီး ရပ်ကွက်များ၊ မြို့များနှင့် ခရိုင်ကောင်စီဝင် ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ ၉၀ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း အံ့ဩဖွယ်သိရှိရပါသည်။

(၃) အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် မသန်စွမ်းကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် ပေးသွင်းရသည့် စပေါ်ငွေကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးသည်။ ယခုရွေးကောက်ပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအတွက် ဝမ် ၂ ဒသမ ဝ၆၄ ဘီလီယံနှင့် မသန်စွမ်းကိုယ်စားလှယ်လောင်းများအတွက်ဝမ် ၅၂၂ ဒသမ ၆၆၅ သန်း ထောက်ပံ့ပေးခဲ့သည်။

(၄) နိုင်ငံရေးပါတီများ၏ ရန်ပုံငွေသုံးစွဲမှုကို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ကိုရီးယား ဝမ် ၁ ဒသမ ၂ သန်းအထက် လှူဒါန်းထောက်ပံ့ငွေများကိုလည်းကောင်း၊ ကိုရီးယားဝမ် ငါးသိန်းအထက် သုံးစွဲငွေများကိုလည်းကောင်း အထောက်အထားရှိစေရန် ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ Credit Card ဖြင့်ဖြစ်စေ၊ ဘဏ်ငွေစာရင်း လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ပြုလုပ်ရန် ကော်မရှင်ကညွှန်ကြားထားသည်။

(၅) ပညာရေးမှူးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့်သူများသည် ဆရာ ဆရာမများအဖြစ် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ သို့မဟုတ် ပညာရေးအုပ်ချုပ်မှုဝန်ထမ်းအဖြစ် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်ရမည့်အပြင် ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်လွှာမတင်သွင်းမီ ၁၂ လအတွင်း မည်သည့်နိုင်ငံရေးပါတီဝင်မျှ မဖြစ်စေရပါ။

(၆) တောင်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲများကို ရုံးပိတ်ရက်များတွင် ကျင်းပလေ့မရှိပါ။ ရုံးပိတ်ရက်တွင် ကျင်းပပါက မဲဆန္ဒရှင်အများစုသည် ၎င်းတို့၏ အားလပ်ရက်ကို ခံစားကြမည်ဖြစ်သဖြင့် ဆန္ဒမဲပေးမည့်သူ အလွန်နည်းသွားမည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲကျင်းပသည့်နေ့ကို အများပြည်သူ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။

(၇) တောင်ကိုရီးယား နိုင်ငံတွင် သာသနာ့ဝန်ထမ်းများ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၈) တောင်ကိုရီးယားနိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများအနက် Permanent Residence (PR) အဖြစ် သုံးနှစ်နေထိုင်ပြီးသူများသည် ဒေသန္တရရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ (ယခု ၂၀၁၄ ဒေသန္တရရွေးကောက်ပွဲတွင် နိုင်ငံခြားသား မဲဆန္ဒရှင်ပေါင်း ၅၀,၀၀၀ ရှိပြီး မဲဆန္ဒရှင် ၄၈,၄၀၀ လာရောက်မဲပေးကြောင်း သိရှိရပါသည်။)

(၉) တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများသည် ၎င်းယှဉ်ပြိုင်မည့် မဲဆန္ဒနယ်မှ မဲဆန္ဒရှင်များ၏ ထောက်ခံချက်ရရှိရန် လိုအပ်သည်။ ထောက်ခံသူဦးရေ အချိုးအစားသည် ရွေးကောက်ပွဲ အမျိုးအစားအလိုက် အပြောင်းအလဲရှိသည်။

(၁၀) ကိုယ်စားလှယ်များ (FPTP ဖြင့် ရွေးကောက်ထားသူများသာ) သေဆုံး/နုတ်ထွက်သဖြင့် လစ်လပ်နေရာများရှိခဲ့လျှင် ကြားဖြတ်ရွေးကောက်ပွဲ (Repeat/By-Election) ပြုလုပ်ပေးသည်။ လစ်လပ်ခြင်းသည် အောက်တိုဘာလ ၁ ရက်နေ့နှင့် မတ်လ ၃၁ ရက်နေ့အတွင်းဖြစ်ပါက ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ၏ နောက်ဆုံး ဗုဒ္ဓဟူးနေ့တွင် ကျင်းပပေးပြီး လစ်လပ်ခြင်းသည် ဧပြီလ ၁ ရက်နှင့် စက်တင်ဘာလ ၃၁ ရက်အတွင်းဖြစ်ပါက အောက်တိုဘာလ၏ နောက်ဆုံး ဗုဒ္ဓဟူးနေ့တွင် ကျင်းပပေးသည်။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ တောင်ကိုရီးယားနိုင်ငံမှ ဒေသန္တရရွေးကောက်ပွဲအတွေ့အကြုံများကို မျှဝေပေးနိုင်ရန် စာရေးသူအား ဖိတ်ကြားခဲ့သော Association for World Election Bodies (A-WEB)မှ တာဝန်ရှိသူများအားလည်းကောင်း၊ အသွားအပြန် လေယာဉ်စရိတ်ကျခံပေးသော The Asia Foundation အားလည်းကောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့သော တောင်ကိုရီးယားနိုင်ငံမှ National Election Commission နှင့် A-WEB မှ တာဝန်ရှိသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ
(တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာခြင်း)

ကုန်သွယ်မှုပြုသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေခြင်းကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့များကို တာဝန်ပေးဆောင်ရွက်လျက်ရှိပါသည်-

- ကုန်သည်လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်(အေးဂျင့်)များမှ မမှန်မကန်ပြုလုပ်ပါက သတင်းပေးတိုင်ကြားရန်။
- စစ်ဆေးရေးအဖွဲ့များမှ ငွေကြေး/တံစိုးလက်ဆောင်တောင်းခံခြင်းနှင့် လာဘ်ပေးလာဘ်ယူမှုများရှိပါက ခိုင်လုံသော အထောက်အထားဖြင့်တိုင်ကြားရန်။
- တိုင်ကြားရာတွင် အထောက်အထားခိုင်လုံစွာဖြင့် တိုင်ကြားပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး	- ၀၆၇-၄၀၈၂၆၄	တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	- ၀၉-၆၇၀၀၈၂၅	
ဗဟိုကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်	- ၀၆၇-၄၀၈၄၀၄	
ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန	- ၀၉-၈၃၀၀၂၉၆	
ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်	- ၀၁-၃၈၇၁၆၂	
အကောက်ခွန်ဦးစီးဌာန	- ၀၉-၈၆၂၂၆၅၇	
ဗဟိုကော်မတီရုံးလုပ်ငန်းကွပ်ကဲမှုတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်	- ၀၁-၃၇၇၀၇၇	
ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန	- ၀၉-၈၃၀၂၃၅၇	

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

မြန်အောင် ဇွန် ၃၀

မြန်အောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့လှူဒါန်းခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ လူမှောင်ခိုလူကုန်ကူးမှု အသိပညာပေးဟောပြောပွဲနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၂၈ ရက်က မြန်အောင်မြို့ အမက မကျီးစုကျောင်း၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနွယ်နီလွင်က အမက မကျီးစုရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်တာက လူမှောင်ခိုကူးမှု အသိပညာပေး ဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် အနာကြီးရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမက မကျီးစု ကျောင်းဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

❒ **သီလဝါမှ**

အဆိုပါတွေ့ဆုံပွဲ၌ မဟာဗျူဟာမြောက်ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်သယံဇာတ အရင်းအမြစ် စီမံခန့်ခွဲမှု(ဂျပန်)လီမိတက် အဖွဲ့နှင့်အီးဂတ်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအဖွဲ့တို့မှ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊စီမံကိန်း ဧရိယာအနီး နေထိုင်ကြသောဒေသခံပြည်သူများမှ စီမံကိန်းမစတင်မီသဘာဝ ပတ်ဝန်းကျင်အခြေအနေများနှင့် လူမှုပတ်ဝန်းကျင်အခြေအနေများကို လေ့လာပြီးစီမံကိန်း ဆောင်ရွက်ပါကဖြစ်ပေါ်လာနိုင်မည့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အပြန်အလှန်ဆွေးနွေး ခဲ့ကြသည်။ ထို့အပြင် စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံယူဆချက်များကို စီးပွားရေးအရှိန်အဟုန်မြှင့်တင်မှုနှင့်အပြိုင် ဘေးကင်း လုံခြုံစိတ်ချရမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်မှု၊စွမ်းရည် ပြည့်ဝသည့်အခြေခံအဆောက်အအုံများ၊ ပတ်ဝန်းကျင်နှင့် အချိုးညီဟန်ချက်ကျ သောနည်းပညာများ စသည်တို့ကို နှိုင်းယှဉ်တင်ပြဆွေးနွေးခဲ့ကြသည်။လုပ်ငန်း စတင်အကောင်အထည်ဖော်သည့်ကာလနှင့် လုပ်ငန်းလည်ပတ်သည့်ကာလတို့ တွင် ကြုံတွေ့နိုင်သော အခက်အခဲပြဿနာများကိုEnvironmental Resource Management မှ Mr. Kyle Dupont နှင့် E Guard Environmental Services မှ ဦးအေးသီဟတို့က ပွင့်လင်းမြင်သာစွာ တင်ပြခဲ့ပြီး ပါဝင်ပတ်သက် သောသူများအားလုံး၏ အကြံပြုတင်ပြချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

Environmental Resource Management မှ Mr . Kyle Dupont က "ဒီစီမံကိန်းနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်ကို လေ့လာပါတယ်၊ အဲဒီအထဲကမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကို ကျွန်တော်တို့ လေ့လာနေပါတယ်၊ လက်ရှိသုံးသပ်နေတာကတော့ဒီရေတော၊ ချောင်း၊ မြောင်းတွေကို လေ့လာနေတာပါ၊လူမှုပတ်ဝန်းကျင်အရလည်း ဆန်းစစ်နေတာ ကတော့ရေလုပ်ငန်းနဲ့ စိုက်ပျိုးရေးကဏ္ဍပါ၊ ပြီးတော့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထား တဲ့ဥပဒေကိုလည်း စဉ်းစားရပါတယ်၊ စက်ရုံတွေကထွက်လာမယ့်ရေဆိုးတွေ အတွက်လည်း စက်မှုဝန်ကြီးဌာနမှစံချိန်စံညွှန်းများညီစေဖို့နဲ့ ရင်းနှီးမြှုပ်နှံသူများက လည်းနိုင်ငံတကာစံသတ်မှတ်ချက်များနဲ့အညီ လိုက်နာစောင့်ထိန်းဖို့ စသဖြင့် အားလုံးကိုလေ့လာနေတာပါ၊ နောက်ပြီး နောင် ၅ နှစ်ဆိုမြန်မာနိုင်ငံမှာ စက်ရုံ အပါအဝင် စက်မှုလက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှာကို တွေ့ ရပါတယ်၊ အဲဒီမှာလည်းဆက်လက်ပြီး သဘာဝပတ် ဝန်းကျင်ဆိုင်ရာကို ဘယ် လိုထိန်းချုပ်သွားနိုင်မလဲ၊ဒါတွေကိုဆန်းစစ်နေပါတယ်" ဟု တွေ့ဆုံပွဲတွင် ဒေသခံများအား ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်သန်းသန်းသွယ်က "ဒေသခံ မိဘပြည်သူများဆီမှ သဘာဝပတ် ဝန်းကျင်ဆိုင်ရာအစည်းအဝေးအတွက် အကြံဉာဏ် ရယူချင်လို့ပါ၊ ဒီဒေသခံ ပြည်သူတွေရဲ့အကြံဉာဏ်ကိုရယူချင်လို့ လည်းဒီလိုအစည်းအဝေးကိုပြုလုပ်ခဲ့ တာပါ။စီမံကိန်းအတွက်ပတ်ဝန်းကျင် ဆန်းစစ်မှုများကိုဆောင်ရွက်တာကတော့ ကုမ္ပဏီနှစ်ခုက ပူးတွဲလုပ်ဆောင်သွားမှာပါ၊ စုစုပေါင်းဧရိယာ ၂၄၀၀ ဟက်တာ ရှိပါတယ်၊ ဧရိယာ ၄၀၀ ဟက်တာကတော့ စတင်အကောင်အထည်ဖော်ဆောင် ရွက်နေပါပြီ၊ ဧရိယာ ၂၀၀၀ ဟက်တာကတော့ ကနဦးအနေနဲ့ကော်မတီကဦး ဆောင်အကောင်အထည်ဖော်လေ့လာဆန်းစစ်သွားမှာပါ၊သီလဝါ အထူးစီးပွား ရေးဇုန် စီမံကိန်းအတွက်ကျွမ်းကျင်ပညာရှင်တွေပါမှာပါ၊ ပြီးတော့နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်တွေ ကိုခေါ်မယ်၊စောင့်ကြည့်သွားပါ့မယ်၊စီမံကိန်းပြီးရင်လည်း အမြဲတမ်းစောင့်ကြည့်သွားမှာပါ၊ နောင်ဆို ဒီဧရိယာမှာ ရေသန့်စက်ရုံ၊ရေဆိုး သန့်စင်စက်ရုံတွေကိုတွေ့မြင်ရတော့မှာပါ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနက ထုတ်ပြန်ထားတဲ့ နိုင်ငံတကာအဆင့်အတန်းများနှင့်အညီ လုပ်ဆောင် သွားမှာပါ" ဟုရှင်းပြခဲ့သည်။

ထို့နောက် ဒေသခံများမှဆွေးနွေးသော စီမံကိန်းကြောင့် ဖြစ်ပေါ်လာ မည့်လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုများ၊ စက်ရုံများတည်ဆောက်ပြီး စီးလျှင်ဖြစ်ပေါ်လာမည့်အကျိုးဆက်ဆိုးကျိုးများ၏ဆွေးနွေးမှုများအား E Guard Environmental Services မှ ဦးအေးသီဟက SEA သို့ချဉ်းကပ်မှု နည်းလမ်းများဖြစ်သော ပါဝင်ပတ်သက်သူများအား ခွဲခြားသတ်မှတ်ခြင်း၊စီမံ ကိန်းမစတင်မီအခြေအနေ၊ဥပဒေဆိုင်ရာမူဘောင်၊ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ ယူဆချက်သုံးသပ်မှု၊ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်၊ အနာဂတ်မြင် ကွင်းများ၊ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများနှင့် ဖြစ်နိုင်ဖွယ်ရှိသည့်ဖြေလျှော့ မှုနည်းလမ်းများအားရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ဒုတိယအဆင့်ဧရိယာ ၂၀၀၀ စီမံကိန်းအတွက် သန်လျင်တံတား အဆင်းမှစတင်ကာ လမ်းများတိုးချဲ့ သွားရန်ရှိနေကြောင်း၊ EIA အတွက် ပြီးခဲ့သော ၂၀၁၃ ခုနှစ်နိုဝင်ဘာ ၃၀ ရက်က ယခုပြုလုပ်သောနေရာ၌ပင် ဧရိယာ ၄၀၀ ဟက်တာနှင့်စပ်လျဉ်း၍ဒေသခံများ နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ မကြာမီ ကာလတွင် EIA အတွက် တွေ့ဆုံ ဆွေးနွေးပွဲများပြုလုပ်သွားရန်ရှိနေကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ သိရသည်။

အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးချဲ့သင်ကြားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအများဆုံးရရှိနိုင်မည့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၃၀

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနလက်အောက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသားများနှင့် တွေ့ဆုံပြီး လုပ်သားဈေးကွက်ပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဦးစားပေးကဏ္ဍအလိုက် ရွေးချယ်ကာ တိုးချဲ့ဖွင့်လှစ်သင်ကြားသွားရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်း၌ ပြည်သူတို့၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ လေ့ကျင့်မွေးထုတ်ပေးမှုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရှိ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက အလုပ်အကိုင်အခွင့်အလမ်း များများ ဖန်တီးရရှိနိုင်မည့် အထည်ချုပ်သင်တန်းများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်မွေးထုတ်နိုင်ရန် ဆွေးနွေးမှာကြားသည်။ ယင်းနောက် အိမ်တွင်းမှု စက်ချုပ်လုပ်ငန်းနှင့် အိပ်ဆောင်များ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ သင်တန်းကျောင်းသို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဦးမြင့်စိုးက ယခုအခါ မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်း လျင်မြန်စွာ ဖွံ့ဖြိုးလာပါကြောင်း၊ ရက်သတ္တနှစ်ပတ်လျှင် စက်ရုံသုံးရုံနှုန်းဖြင့် တိုးတက်ရင်းနှီးလျက်ရှိကြောင်း၊ ထိုစက်ရုံများအတွက် ရက်သတ္တနှစ်ပတ်လျှင် အထည်ချုပ်လုပ်သား သုံးထောင်မှ ငါးထောင်အထိ လိုအပ်လာပါကြောင်း၊ မိမိတို့အသင်းမှ ယခုသင်တန်းကျောင်းကို JICA အကူအညီဖြင့် မတည်ဖွင့်လှစ်ခဲ့ရာ သုံးနှစ်အတွင်း အထည်ချုပ်လုပ်သား ၁၂၀၀ ကိုသာ မွေးထုတ်နိုင်ပါကြောင်း၊ အခြားအိမ်နီးချင်း နိုင်ငံများနည်းတူ အထည်ချုပ်လုပ်ငန်း အားပေးမြှင့်တင်ရာ၌ တစ်လလျှင် တစ်သောင်းခန့် မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က မိမိတို့တွင် သင်တန်းကျောင်း ၃၆ ကျောင်းဖြင့် သင်တန်းသားများ မွေးထုတ်လျက်ရှိပြီး အထည်ချုပ်လုပ်သား လိုအပ်ချက်ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကူညီပေးသွားမည်ဖြစ်ကြောင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရန်ကုန်တွင် အထည်ချုပ်လုပ်ငန်း သင်တန်းကျောင်း လေးနေရာခွဲ၍ ဖွင့်လှစ်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီးအခြေခံ စက်ချုပ်သင်တန်း လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးများဘဝ ဘက်စုံဖွံ့ဖြိုးရေး ကျန်းမာရေးအသိပညာပေးဟောပြော

နေပြည်တော် ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အမျိုးသမီးများဘဝ ဘက်စုံဖွံ့ဖြိုး အသိတိုးစေရန်အတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၇ ရက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်ကျင်ခိုင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်ထားတင်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်၊ နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှလှကြည်နှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်ထားတင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ကျန်းမာရေးအရာရှိ ဒေါက်တာဖေအောင်က "ကျန်းမာလှပလူနေမှုဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာလှိုင်လှိုင်ဌေးက "ဆယ်ကျော်သက်နှင့် လူငယ်ကျန်းမာရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးမှူး ဒေါက်တာ လှလှကြည်က "ကိုယ်ဝန်ဆောင်နှင့်ငါးနှစ်အောက်ကလေးကျန်းမာရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း**(အပေါ်ပုံ)** ကျန်းမာရေးအသိပညာများအား ဟောပြောကြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျီဂျီစန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ မေစိုးဦး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာဝန်များသည် ဇွန် ၂၈ ရက်တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ကြီးအင်းကျေးရွာ၌ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။**(ဝဲပုံ)**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ မြင့်ဟန်နှင့် ဆရာဝန်များ၊ ခုတင်(၁၀၀၀) နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီးအဖွဲ့နှင့် မျက်စိအထူးကု ဆရာဝန်ကြီးအဖွဲ့တို့သည်လည်း လိုက်ပါကူညီဆောင်ရွက်ကုသပေးခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာ ဂျီဂျီစန်းက အဖွင့်အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က သက်ကြီးဘိုးဘွားများအတွက် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် မေတ္တာစမ်းရေဆေးခန်း တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်း၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှလှကြည်က "ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့် ကျွမ်းကျင်သူများဖြင့် မွေးဖွားရန် အကြောင်း"ကိုလည်းကောင်း၊ ဒေါက်တာမျိုးမင်းဦးက "သားဆက်ခြားခြင်းအကြောင်း"ကို လည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်ဟန်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပျောက်ဆုံး

အမှတ်(၂၄၄)၊ ငုဝါလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ ကျွန်မ မသင်းသန္တာထိုက်[၁၂/မဂတ(နိုင်)၀၈၈၇၈၉]၏ နိုင်ငံကူးလက်မှတ် ခရီးသွား ရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၂၀၄၃၀

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ င/ခ ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အိမ်အမှတ်(၂၉) နေ ဦးကျော်စိုးလှ-ဒေါ်ချိုမာအေးတို့၏သား မောင်လှမျိုးနိုင်သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်ဇင်းနှင့်ပက်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်စိုးလှ[၁၂/သဃက(နိုင်)၀၀၃၄၆၀]
ဒေါ်ချိုမာအေး[၁၂/သဃက(ယ)၀၀၆၈၄၈]

ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် အသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြများ ခြောက်ဦးထိရှိလာ

၂၀၁၄ ဖီဖာ ကမ္ဘာ့ဖလား အုပ်စုအဆင့်ပွဲစဉ်များ အားလုံးပြီးဆုံးသွားပြီးနောက်တွင် အသင်းနှင့် လမ်းခွဲသွားခဲ့ကြသည့် နည်းပြများမှာ ခြောက်ဦးထိရှိလာခဲ့ပြီဖြစ်ကြောင်းသိရသည်။ ၎င်းတို့မှာ အီတလီ၊ အိုင်ဗရီကို့စ်၊ ဂျပန်၊ အီရန်၊ ဘော့စနီးယား၊ ဟွန်ဒူးရပ်စ် အသင်းတို့မှ နည်းပြများဖြစ်ပြီး ၎င်းတို့၏သက်ဆိုင်ရာအသင်းများအားလုံးကျရှုံးခဲ့ရသည့်အတွက် ယခုကဲ့သို့ရာထူးမှနုတ်ထွက်ခဲ့ကြခြင်းလည်းဖြစ်သည်။ နုတ်ထွက်သွားခဲ့သည့် နည်းပြများထဲတွင် အီတလီနည်းပြ ပရင်ဒယ်လီ၊ ဂျပန်နည်းပြ ဇက်ခရိုနီ၊ အီရန်နည်းပြ ကားလို့ကွီရော့ဇ်တို့ကဲ့သို့ နာမည်ကျော်နည်းပြများအပြင် အိုင်ဗရီကို့စ်နည်းပြ လာမိုချီ၊ ဘော့စနီးယားနည်းပြ ဆူဆစ်နှင့် ဟွန်ဒူးရပ်စ်အသင်း၏ နည်းပြ ဖာနန်ဒိုဆွာရက်ဇ်တို့ပါဝင်ကြောင်းသိရသည်။ ယင်းကဲ့သို့ အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင်ပင်နုတ်ထွက်ခဲ့ကြသည့် နည်းပြများမှာ ယခုနှစ်ကမ္ဘာ့ဖလားမှာ အများဆုံးအဖြစ်စံချိန်တင်ခဲ့ကြောင်းလည်းသိရသည်။

[စွမ်းထက်အောင်]

၂၀၁၄ ကမ္ဘာ့ဖလား ရှုံးထွက်အဆင့်ပွဲစဉ်များရလဒ်

[၂၉ - ၆- ၂၀၁၄]

နယ်သာလန် ၂ - ၁ မက္ကဆီကို

ရှနိုက်ဒါ (၈၈ မိနစ်) | ဒေါ့စ်ဆန်းတို့စ် (၄၈ မိနစ်)

ဟန်တယ်လာ (၉၀ မိနစ်) (PK)

[၃၀ - ၆- ၂၀၁၄]

ကော်စတာရီကာ ၁ - ၁ ဂရိ

ဘရိုင်ယန်ရုဇ် (၅၂ မိနစ်) | ပူးလော့စ် (၉၀+၁ မိနစ်)

ပင်နယ်တီ အဆုံးအဖြတ်တွင် ကော်စတာရီကာ အသင်းက ဂရိကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဂိုးအများဆုံးသွင်းထားသူများ

၁။	ရိုဒရီဂွက်ဇ်	ကိုလံဘီယာ	(၅) ဂိုး
၂။	မူလာ	ဂျာမနီ	(၄) ဂိုး
၃။	မက်ဆီ	အာဂျင်တီးနား	(၄) ဂိုး
၄။	နေမာ	ဘရာဇီး	(၄) ဂိုး

ဟန်တယ်လာ၏ ပွဲပြီးခါနီး ပင်နယ်တီသွင်းဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိခဲ့သည့် နယ်သာလန်

နယ်သာလန်အသင်းဟာဒီနေ့ပွဲစဉ်မှာ ဗန်ပါစီ၊ ရော်ဘင်၊ ရှနိုက်ဒါ၊ ဒီဂျောင်၊ ကူရစ်၊ ဒီဗရီစတဲ့ကစားသမား အစုံအလင်နဲ့ပွဲထွက်လာခဲ့ပြီး မက္ကဆီကို ကိုရင်ဆိုင်လာခဲ့ပါတယ်။ မက္ကဆီကိုကလည်း ပီရယ်တာ၊ အကွီနို၊ မားကွက်ဇ်၊ ဂွါဒါဒို၊ ဟာရဲရား၊ ဒေါ့ဆန်းတို့စ်တို့နဲ့ ပွဲထွက်ခဲ့ပြီးပွဲစတည်းက ပီရယ်တာ၊အကွီနို၊ ဒေါ့ဆန်းတို့စ်တို့ရဲ့ တွဲလုံးတွေနဲ့ နယ်သာလန်နောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ဒီနေ့ပွဲစဉ်မှာ နယ်သာလန်အသင်းရဲ့ကစားပုံဟာ အလုပ်မဖြစ်ခဲ့ဘဲ မာကျောတဲ့ မက္ကဆီကိုနောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိပါဘူး။ နှစ်သင်းစလုံး Passing Game ပုံစံနဲ့ကစားသွားခဲ့လို့ ပွဲအစပိုင်းမှာ ထိရောက်တဲ့ ဂိုးကန်သွင်းခွင့်တွေ မပြုလုပ်နိုင်ခဲ့ပေမယ့် နောက်ပိုင်းမှာ မက္ကဆီကိုတို့ နယ်သာလန်ဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်ခဲ့ပြီး ဂိုးသမား ဆီလက်ဆန် ရဲ့လက်စွမ်းပြကာကွယ်မှုတွေကြောင့် ဂိုးမရရှိခဲ့ပါဘူး။ ဒါ့အပြင် ဟော်လန်အသင်းဟာ လျင်မြန်တဲ့ အပေးအယူတွေနဲ့ ကွင်းလယ်ကနေဂိုးရှေ့ထိ ဘောလုံးရောက်အောင် ကစားနိုင်ခဲ့ပေမယ့် ဗန်ပါစီပုံမှန်ခြေစွမ်းပျောက်ဆုံးနေသလို ရော်ဘင်တစ်ဦးတည်းသာ ရှေ့မှာရုန်းကန်နေရတာကြောင့် ထိရောက်တဲ့ ဂိုးကန်သွင်းမှုတွေမပြုလုပ်နိုင်ခဲ့ပါဘူး။ ဒါ့အပြင် နယ်သာလန်အသင်းရဲ့ အဓိက ကွင်းလယ်ကစားသမား ဒီဂျောင်ပွဲအစမှာပဲ ဒဏ်ရာရရှိသွားခဲ့လို့ မာတင်အင်ဒီနဲ့ လူစားလဲခဲ့ရပြီး အသင်းရဲ့ ကွင်းလယ်ကစားအားလည်း အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် နယ်သာလန်ရဲ့ ခံစစ်ကြောင်းကို မက္ကဆီကိုတို့ မကြာခဏထိုးဖောက်လာနိုင်ပြီး ဒုတိယပိုင်းအစမှာပဲ ဦးဆောင်ဂိုးရရှိခဲ့ပါတယ်။ ပွဲကစားချိန် ၄၈ မိနစ်မှာ ဒေါ့စ်ဆန်းတို့စ်ရဲ့ အမှတ်မထင်အဝေးကန်ချက် ဂိုးထဲဝင်သွားခဲ့လို့ မက္ကဆီကိုအသင်း ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာ နယ်သာလန်တို့ မဖြစ်မနေ ဖွင့်ကစားရတော့မယ် အခြေအနေကို ရောက်ရှိသွားတာကြောင့် တရစပ်တင်ကစားလာခဲ့ပြီး ကစားပုံ သိသိသာသာကို တိုးတက်လာခဲ့ပါတယ်။ ဒါ့အပြင် နယ်သာလန်တိုက်စစ်မှူး ရော်ဘင်ကို မက္ကဆီကိုနောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရပြီး ပင်နယ်တီ ဧရိယာထဲမှာ မကြာခဏဆိုသလို ပြစ်ဒဏ်ကျူးလွန်ခဲ့ကြပေမယ့် ကွင်းလယ်ဒိုင်ကတော့ ပင်နယ်တီအဖြစ်မသတ်မှတ်ခဲ့လို့ နယ်သာလန်ကံဆိုးခဲ့ရပါတယ်။ ပွဲကစားချိန်အတွင်းမှာ ရွန်ဗလာ၊ ဟန်တယ်လာ တို့အပိုင်အခွင့်အရေးတွေရရှိခဲ့ပေမယ့် မက္ကဆီကို ဂိုးသမား အိုချိုအာ လက်စွမ်းပြကာကွယ်မှုတွေကြောင့် ဂိုးရရှိဖို့ခက်ခဲခဲ့ပါတယ်။ ဒါကြောင့်လည်း နယ်သာလန်တို့ နောက်ဆုံး မိနစ်ထိရုန်းကန်ခဲ့ရပြီး ပွဲကစားချိန် ၈၈ မိနစ်မှာ ထောင့်ကန်ဘောကရရှိလာတဲ့ အခွင့်အရေးက တစ်ဆင့် ရှနိုက်ဒါ အပြင်းကန်သွင်းကာ အသင်းအတွက်အဖိုးတန် ချေပဂိုးရယူပေးခဲ့ပါတယ်။ အဲဒီ နောက်ပွဲရဲ့ အလှည့်အပြောင်းက မြန်ဆန်လွန်းခဲ့ပြီး ပွဲအပြီးခါနီးနာကျင် အချိန်ပိုအရောက်မှာ ရော်ဘင်ကို မားကွက်ဇ် ပြစ်ဒဏ်ကျူးလွန်ခဲ့တာကြောင့်ပင်နယ်တီရရှိခဲ့ပါတယ်။ ၎င်းပင်နယ်တီကိုလူစားဝင်လာခဲ့တဲ့ ဟန်တယ်လာက အမှားအယွင်းမရှိ ကန်သွင်းပြီး အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တာကြောင့် ပွဲအပြီးမှာ နယ်သာလန်တို့ ကံကောင်းခဲ့ရပါတယ်။

[ကိုရဲ]

ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ကို ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

အင်္ဂလန်ထိပ်သီးကလပ်အာဆင်နယ်အသင်းသည်လာမည့် ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ဘာစီလိုနာအသင်း၏ ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အားခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ ဆန်းချက်ဇ်သည် ယခုနှစ်ကမ္ဘာ့လားပြိုင်ပွဲတွင် ချီလီအသင်းနှင့် အတူခြေစွမ်းပြသနေသူဖြစ်ပြီး ကမ္ဘာ့ဖလားတွင် အသင်းအတွက် သွင်းဂိုး သုံးဂိုးသွင်းယူပေးထားခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်း၏ နည်းပြဖြစ်သူ အာဆင်ဝင်းဂါးမှာ ဆန်းချက်ဇ် အားခေါ်ယူရန် စိတ်ဝင်စားနေပြီး ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် လျှို့ဝှက်စွာတွေ့ဆုံခဲ့သည့် သတင်းများပေါ်ထွက်လာခဲ့သည်။ အာဆင်နယ်အသင်းမှာလာမည့် ဘောလုံးရာသီအတွက် ပြင်ဆင်အားဖြည့်မည့် ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီလက ရှော်ကေးလ် တောင်ပံကစားသမား ဒရက်ဇ်လာကိုခေါ်ယူရန် မအောင်မြင်ခဲ့သလို ဆွာရက်ဇ်၊ ဟီဂူအင်တို့ကို ကမ်းလှမ်းခဲ့ရာတွင်လည်း အပြောင်းအရွှေ့များမှာ ဖြစ်ပေါ်လာခြင်းမရှိပေ။ ထို့ပြင် အေစီမီလန် တိုက်စစ်မှူး ဘာလော့တယ်လီကိုလည်း ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ဝင်းဂါး က ၎င်းအားခေါ်ယူမည်မဟုတ်ဟု အတိအလင်းဝန်ခံပြောကြားသွားခဲ့သည်။ အာဆင်နယ်အသင်းသည်ဆန်းချက်ဇ်အတွက် ယူရို သန်း ၄၀ ခန့်သုံးစွဲရဖွယ်ရှိပြီး လာမည့်ဘောလုံးရာသီအတွက် အာဆင်နယ်အသင်း၏ ကစားသမားအဝယ်စာရင်းတွင် ဆန်းချက်ဇ်မှာ နံပါတ် ၁ နေရာ၌ရှိနေကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

[ကိုရဲ]

ဦးရဲမင်းပိုင်(သချ်ာ) 09 420129333
Ph: 01-375970, 0951 72090, 0950 47510

သားအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၂)ကန်တော်လမ်း၊ အမှတ်-ည/၁၀၂၀ နေ ဦးခွန်ပန်းတင်(ခ)ဦးမောင်အေး [၁၃/တခလ(နိုင်)၀၁၉၀၃၆]နှင့် ဒေါ်နန်းလှတင့်(ခ)ဒေါ်မဒစ်[၁၃/ တကန(နိုင်)၀၁၁၀၀၆]တို့၏သား ခွန်ခမ်းကောင် [၁၃/တကန(နိုင်)၂၄၇၄၂၁]သည် မိဘတို့၏ဆုံးမသွန်သင်မှုကို မနာခံသည့်အပြင် မိမိသဘောအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ခွန်ခမ်းကောင်အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ခွန်ခမ်းကောင်နှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝ တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

ဦးခွန်ပန်းတင်(ခ)ဦးမောင်အေး

ဒေါ်နန်းလှတင့်(ခ)ဒေါ်မဒစ်

ပြည်တွင်းရေးရာ

❍ တိုင်းရင်းသားမှ

မြန်မာအမျိုးသမီးထုထဲသို့ ရောနှောကူးစက်မှု မရှိစေရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက မြတ်နိုးတွယ်တာစေရန် တစ်ဦး၏ ဆင်ယင်ထုံးဖွဲ့မှုကို တစ်ဦးကအတုယူ ဝတ်ဆင်လာခြင်းဖြင့် တိုင်းရင်းသား ညီအစ်မအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းကို ပြပွဲဖြစ်မြောက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လှမြင့်က "မြန်မာ အမျိုးသမီးတစ်ယောက်ရဲ့ ဣန္ဒြေနဲ့ လိုက်ဖက်မယ့် အင်္ကျီနဲ့ထဘီကိုအရင်းခံပြီးဆန်းသစ်တဲ့ အဝတ်အစားလေးတွေဝတ်ကြဖို့ ဆောင်ရွက်တဲ့အခါမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ ရိုးရာချည်ထည်ပိုးထည်လေးတွေ လှပအောင်ချုပ်လုပ်ပြီး သူတို့ချစ်တဲ့ အနုပညာရှင်တွေက ဝတ်ဆင်ပြတဲ့အခါ ကိုရီးယားဖက်ရှင်ဆီ ရောက်နေတဲ့စိတ်အာရုံ၊ ဥရောပဖက်ရှင်ဆီရောက်နေတဲ့စိတ်အာရုံတွေကနေ မြန်မာဖက်ရှင်ဆီကို စိတ်အာရုံပြန်ရောက်လာမယ်၊ အတုခိုးပြီး ပြန်ဝတ်ဆင်ကြမယ်ဆိုရင် ကျွန်မတို့ပေးချင်တဲ့ မက်ဆေ့ချ် အောင်မြင်တယ်လို့ဆိုရမယ်"ဟု ပြောသည်။

ဆက်လက်၍ ဒေါ်ခင်လှမြင့်က "မြန်မာအမျိုးသမီးလေးတွေရဲ့ အသိစိတ်က ရှက်တတ်တဲ့စိတ်ပါ၊ သူတို့ဝတ်ဆင်တဲ့အဝတ်အစားဟာ သူတို့ကိုပြန်ပြီး လုံခြုံမှုမပေးနိုင်ဘူး၊ ဝန်ထုပ်ဝန်ပိုးဖြစ်နေမယ်ဆိုရင် ဒီလိုလုံခြုံတဲ့ အဝတ်အထည်နဲ့ ယှဉ်ပြီးပြလိုက်တော့ သူတို့ တဖြည်းဖြည်း ဝေဖန်ပိုင်းခြားသွားမှာပါ၊ သူများနိုင်ငံက ကူးလူးယှက်နွယ်မှုတွေကို ကျွန်မတို့က ဘယ်လိုတန်ပြန်မလဲ၊ တခြားနိုင်ငံက ကူးလူးလာမယ့်အစား ကိုယ့်နိုင်ငံအတွင်းရှိ တိုင်းရင်းသားအချင်းချင်း ကူးယှက်ကြစေချင်တယ်"ဟု ပြောသည်။

ပြပွဲတွင် မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာရှိရှိ ဆင်ယင်ထုံးဖွဲ့မှုများသည် ခေတ်အလိုက် သမိုင်းတင်ကျန်ခဲ့ပုံများကို ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ အမရပူရခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စသည်ဖြင့်ခေတ်ခြောက်ခေတ်၏ ကြေးမုံပြင်ကို လည်းကောင်း၊ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ ဝတ်စားဆင်ယင်မှု ပြောင်းလဲလာပုံကိုလည်းကောင်း မြန်မာ့ယဉ်ကျေးမှုနှင့်အညီ သီးသီးသန့်သန့်ခိုင်ခိုင်မာမာရှိခဲ့သော မြန်မာအမျိုးသမီးပွဲတက်ဝတ်စုံ၊ သတို့သမီးဝတ်စုံတို့ကို လေးစားတန်ဖိုးထားတက်ကြစေရန် ယဉ်ကျေးမှုဝန်ကြီးဌာနမှဝန်ထမ်းများက ပံ့ပိုးပေးပြီး အနုပညာရှင်ညီအစ်ကိုမောင်နှမများက ဝတ်ဆင်ပြသခဲ့သည့်အပြင် လိုအပ်သော နောက်ခံပုံရိပ်မှတ်တမ်းရုပ်ရှင်၊ အသံများနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ဒေါ်ခင်လှမြင့်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါ်မြတ်မြတ်ဦးကလည်း "အန်တီက ဖျော်ဖြေရေးအစီအစဉ်၊ ခေါင်းစဉ်ပေးတာကစပြီး လူရွေးချယ်တဲ့အထိ အစအဆုံးတာဝန်ယူရတာပေါ့နော်။ အထူးသဖြင့် ကျောင်းသူအရွယ်လေးတွေပေါ့။ သူတို့စိတ်ထဲ ဒီလိုအတိုအပြတ်တွေ ဝတ်မှလှတယ်လို့ ထင်နေကြတာလေးတွေကို ဒီပြပွဲကနေပြန်သွားတဲ့အခါ မြန်မာတိုင်းရင်းသားတွေရဲ့အင်္ကျီနဲ့ထဘီကို လာကြည့်တဲ့အထဲက အမျိုးသမီးလေးတွေ မြတ်မြတ်နိုးနိုးဝတ်ဆင်လာကြရင်တော်ပါပြီ၊ အနုပညာရှင် အသိုင်းအဝိုင်းကိုလည်း တစ်နှစ်တစ်ကြိမ် သတိပေးတဲ့အနေနဲ့ပြောပြရာလည်း ရောက်အောင် ပါးတာကိုဘယ်လို မပါးအောင် ဝတ်သင့်တယ်၊ တက်တူးထိုးရင်လည်း မိန်းကလေးတွေအနေနဲ့ မထိုးသင့်ဘူး။ ဒီလိုပညာပေးရင်း စည်းရုံးရတာ ဒီနှစ်မှာ အနုပညာရှင် ၄၀လောက် ပါဝင်တင်ဆက်ကြပါတယ်၊ ခေတ်မီတယ်ဆိုတာ လှလှပပ လုံလုံခြုံခြုံလေးခေတ်မီလို့ရပါတယ်၊ ပုဂံခေတ်ပြထားလို့ ပုဂံခေတ်လို ဆံထုံးကြီးတွေ၊ အဝတ်အစားတွေ ဝတ်ဖို့မဟုတ်ပါဘူး။ ဒီလိုမျိုးတွေရှိခဲ့တယ်ဆိုတာ သိစေချင်တာပါ" ဟု ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသောတိုင်းရင်းသားတို့၏ ပျော်ရွှင်အေးချမ်းစွာ နေထိုင်ကြပုံများကို မြူးကြွသော တိုင်းရင်းသားတေးသီချင်းများ၊ လှပသောသဘာဝပတ်ဝန်းကျင်ပုံရိပ်များ၊ ရိုးရာထုံးတမ်းဓလေ့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊အထိမ်းအမှတ်သင်္ကေတများကို ဒေသ၏ပုံရိပ်များဖြင့် တွဲဖက်၍ဖျော်ဖြေရာ တိုင်းရင်းသားကျေးရွာကြီးတစ်ခုလုံးကို တစ်နေရာတည်း တစ်ထိုင်တည်း မြင်တွေ့ခံစားရပြီး ကြည့်ရှုသူတို့ရင်ထဲ ပျော်ရွှင်မှုများ တစ်သားတည်းဖြစ်စေခဲ့ပုံနှင့်ပတ်သက်၍ "ဝတ်စားဆင်ယင်မှုပြပွဲဆိုပေမယ့် ရခိုင်ဆို ရခိုင်နဲ့ ပတ်သက်တာတွေပြမယ်၊ ရခိုင်ပြည်နယ်ရဲ့ အငွေ့အသက်လေးတွေပါအောင်ပြမယ်၊ ဒါမှကြည့်ရသူတွေ ပိုပြီးအသက်ဝင်မယ်၊ နောက်ခံ (LED) ကို အကြီးကြီးလုပ်ချလိုက်တယ်၊ ကရင်ဆို ကရင်၊ တေးသံရှင် မီးမီးခဲဆိုတဲ့ ဒုံးယိမ်းည သီချင်းနဲ့ ကရင်ဝတ်စုံလေးနဲ့ကတဲ့သူက ကမယ်၊ နောက်ခံ(LED)ကနေ ကရင်ပြည်နယ် ဖွဲ့ကပင်တောင်၊ နောက် ဖားစည် အဲဒါတွေကို တစ်ပြိုင်တည်းခံစားလို့ရအောင်၊ နောက်ရှမ်း၊ ရှမ်းဆိုလည်း ရှမ်းရိုးမက အိုးစည်သံ သီချင်းကို ရှမ်းအဆိုတော် စိုင်းအောင်ထီခမ်းကဆို၊ ရှမ်းရိုးရာကတဲ့သူတွေက က၊ နောက်ခံ ရှမ်းပြည်နယ်ရဲ့ ဒေသပုံရိပ်တွေ ကိန္နရီ ကိန္နရာ၊ ရှမ်းတောင်တန်း စသဖြင့် တိုင်းရင်းသားတွေရဲ့ဒေသရဲ့ ပုံရိပ်တွေကို ရှေ့က မော်ဒယ်လေးတွေရဲ့ ဝတ်စားဆင်ယင်သရုပ်ဖော်တာ ၅၀ ရာခိုင်နှုန်း၊ ဒေသပုံရိပ်နဲ့ ဖမ်းစားတာ ၅၀ ရာခိုင်နှုန်းဆိုတော့ လာကြည့်တဲ့ ပရိသတ်ကို တစ်သားတည်းဖြစ်စေပြီး ပေးရတဲ့ရသမြောက်မယ်လေ" ဟု ဒေါ်ခင်လှမြင့်က ရှင်းပြခဲ့သည်။

ယဉ်ကျေးစုံစွာ မျိုးမြန်မာ ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ ဝတ်စားဆင်ယင်မှုပြပွဲသည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုချည်းသက်သက်မဟုတ်ဘဲ အမျိုးသမီးတို့၏အလှ၊ အမျိုးသမီးတို့၏ဂုဏ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏အမျိုးသမီးလေးများအတွက် စီးပွားရေး၊ ပညာရေး လူမှုရေးကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေမှုများ၊ ဇာတိသွေးဇာတိမာန်ထက်သန်စေသော ဘုရင့်နောင်၊ အလောင်းဘုရား စသည့် သူရဲကောင်းတို့၏ပုံရိပ်များ၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုဖြင့် အသက်သွေးချွေးများပေးဆပ်ပြီးမှ ရရှိခဲ့သည့် လွတ်လပ်ရေးနေ့ကို ပြန်ပြောင်းအမှတ်ရစေသည့် ပြကွက်များဖြင့် ဖျော်ဖြေတင်ဆက်ထားရာ ကြည့်ရှုသူပရိသတ်ရင်ထဲ မျိုးချစ်စိတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စိတ်များ တဖွားဖွားပေါ်ပေါက်လာစေသည်။

မြန်မာ အမျိုးသမီးများသည် "ငြိမ်သက်ဣန္ဒြေ၊ တည်ကြည်ထွေဖြင့်၊ သန္ဓေကောင်းမွန်၊ လွန်တော်မှန်လျက်၊ စိတ်မာန်မနှောင့် နှုတ်လက်စောင့်သည် သူကောင့်သွေးရည်ပီလှစေ"ဆိုသည့် ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမအတိုင်း အမျိုးကောင်းသမီးတို့စောင့်ထိန်းရမည့် ကောင်းမြတ်သော အစဉ်အလာကောင်းများကို ထိန်းသိမ်းကြရမည့်အပြင် မိမိတို့ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။

သို့ပါ၍ အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ၂၀၁၄ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြုလုပ်သော "ယဉ်ကျေးစုံစွာ မျိုးမြန်မာ ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ" မှသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ဒေသပုံရိပ်များ ထုံးတမ်းဓလေ့များ ရိုးရာဝတ်စားဆင်ယင်မှုများကို တစ်နေရာတည်းတွင် ကြည့်ရှုခံစားမိရင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အေးချမ်းပျော်ရွှင်စွာဖြင့် အတူတကွ လက်တွဲနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို တန်းတူညီမျှခံစားကြပြီး တိုင်းရင်းသားညီအစ်မများသည် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ထိန်းသိမ်းစောင့်ရှောက်ရင်း ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာဖြင့် ထာဝစဉ် ရပ်တည်နိုင်သည့် အမျိုးကောင်းသမီးလေးများ ဖြစ်ကြပါစေကြောင်း ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

■

❋ MFF Cup မှ

Horizon ဇူလိုင် ၇ ရက်တွင် ပဒုမ္မာကွင်း၌ Southern နှင့် ရတနာပုံတို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၉၊ ၂၀ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် နေပြည်တော်အသင်းတို့မှာ ယင်းအဆင့်တွင် စတင်ကစားရမည်ဖြစ်သည်။ ကွာတားပွဲစဉ်များအဖြစ် ရန်ကုန်အသင်းမှာ Southern-ရတနာပုံပွဲမှ အနိုင်ရသောအသင်း၊ နေပြည်တော်အသင်းမှာ မြဝတီ-မကွေးပွဲမှ အနိုင်ရသောအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

MFF Cup ရှုံး/ထွက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဟံသာဝတီအသင်း၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၂ ခုနှစ်တွင် ရောဝတီအသင်းတို့က ဗိုလ်စွဲခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ယင်းပြိုင်ပွဲအစား MNL Cup ပြိုင်ပွဲကိုသာ ကျင်းပခဲ့သည်။



စာပေမြင့်မှ လူမျိုးတင့်မည်

အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၂/၂၀၁၄)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ အဆင့်မြင့်မော်တော်ယာဉ်များအား ချွတ်ယွင်းချက် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း၊ အပတ်စဉ်(၂/၂၀၁၄)ကို ၂၀၁၄ခုနှစ်၊ ဇူလိုင်လတွင် ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ(၃)လဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေးတစ်လ(၇၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် စုစုပေါင်း(၂၁၀၀၀၀ိ/-)ကျပ် ပေးသွင်းရပါမည်။ သင်တန်းပြီးဆုံးပြီး အောင်မြင်ပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Automobile Technical Division မှ ကျွမ်းကျင်ယာဉ်ပြင်ပညာသင်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပါသည်။ လျှောက်ထားသူသည် ပညာအရည်အချင်း အခြေခံပညာအထက်တန်းအဆင့် ရှိရမည်ဖြစ်ပြီး မော်တော်ယာဉ်တစ်စီး၏ အခြေခံအစိတ်အပိုင်းများ အလုပ်လုပ်ပုံကို သိရှိနားလည်ပြီးသူ ဖြစ်ရပါမည်။ လျှောက်ထားသူများထဲမှ လူတွေ့စနစ်ဖြင့် မော်တော်ယာဉ် အခြေခံပညာနားလည်ပြီးသူများကိုသာ ဦးစားပေးရွေးချယ်မည် ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ (ကာလာ) (၂) ပုံ၊ ပညာအရည်အချင်း သက်သေခံလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။ ၇-၇-၂၀၁၄ ရက်တွင် လျှောက်လွှာပိတ်မည် ဖြစ်ပါသည်။

လျှောက်လွှာတင်ရန် - (၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
Automobile Technical Division
လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း
ချယ်ရီဥယျာဉ်အိမ်ရာ
အမှတ်(၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၁၈၃၈၆၊ ၀၉-၄၂၀၀၂၉၇၈၂

အများသိစေရန်အသိပေးကြေညာသူများအားပြန်လည်သတိပေးခြင်း

၂၁-၆-၂၀၁၄ရက်စွဲပါ ကြေးမုံကြော်ငြာတွင်ပါရှိသော ဟာဂျီဦးမောင်မောင်တာ၏ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၄၉/၅၁ရှိ တိုက်နှင့်တည်ရာမြေတို့နှင့်ပတ်သက်၍ အသိပေးကြေညာချက်အပေါ် ယင်းအိမ်မြေတို့၏ တရားဝင်အမည်ပေါက်ပိုင်ရှင် အာဂါမာမွတ်ရှီရာဇီထရပ်စ်၏ လက်ရှိတရားဝင်ထရပ်စ်တီးတို့ကိုယ်စား ထရပ်စ်တီးတစ်ဦးဖြစ်သူ ဦးနီဇမ်းရှီရာဇီ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

ဦးမောင်မောင်တာက ဦးနီဇမ်းရှီရာဇီအား ယာယီဂေါပကအဖြစ် ခန့်ထားကြောင်း ဖော်ပြထားသော်လည်း အာဂါမာမွတ်ရှီရာဇီထရပ်စ်အား သားစဉ်မြေးဆက် မိသားစုထရပ်စ်အဖြစ် တည်ထောင်ခဲ့သော မူလပိုင်ရှင် အာဂါမာမွတ်ရှီရာဇီ၏ မှတ်ပုံတင်ပြီး သေတမ်းစာတွင် ဦးမောင်မောင်တာသည် တစ်စုံတစ်ရာအကျိုးခံစားခွင့်ရှိသူလည်းမဟုတ်၊ ထရပ်စ်တီးများအား ခန့်ထားခြင်း၊ ပယ်ဖျက်ခြင်း အာဏာအပ်နှင်းထားခြင်း ခံရသူလည်းမဟုတ်၊ ထရပ်စ်နှင့်တစ်စုံတစ်ရာ ပတ်သက်စပ်ဆိုင်သူလည်းမဟုတ်ပါဘဲလျက် ဘာသာတူကိုးကွယ်သူအချင်းချင်းဖြစ်သည်ကို အခွင့်အရေးယူ၍ ဝင်ရောက်စွက်ဖက်နေသည်ကို ဝမ်းနည်းစွာတွေ့ရှိရပါသည်။ အမှတ်၄၉/၅၁ရှိ တိုက်နှင့်တည်ရာမြေသည် ပိုင်ရှင်ကဲ့သို့ လိုအပ်သလို တရားဝင်စီမံခန့်ခွဲခွင့် တရားရုံးတော်မှ အာဏာရရှိထားပြီးဖြစ်သော ထရပ်စ်တီးများက စီမံခန့်ခွဲဆောင်ရွက်နေသော တရားဝင်အမည်ပေါက် အာဂါမာမွတ်ရှီရာဇီထရပ်စ်ပိုင်အိမ်မြေဖြစ်ကြောင်း ထပ်လောင်းဖော်ပြပါသည်။ ဦးမောင်မောင်တာ စွပ်စွဲဖော်ပြသကဲ့သို့ ဦးနီဇမ်းရှီရာဇီက မိမိအမည်ပေါက်ရန် ကြိုးပမ်းခြင်း လုံးဝမဟုတ်၍သာလျှင် ယခုမြေနှင့်တိုက်များ၏ တရားဝင်အမည်ပေါက်သူပိုင်ရှင်မှာ အာဂါမာမွတ်ရှီရာဇီထရပ်စ်အဖြစ် အထင်အရှားပေါ်ပေါက်နေခြင်း ဖြစ်ပါသည်။ ယင်းတိုက်အိမ်များသည် အန္တရာယ်ရှိအဆောက်အအုံများအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနေ့ရက်များ သတ်မှတ်၍ ဖြိုဖျက်ပြီး အသစ်ပြန်လည်တည်ဆောက်ရန် တာဝန်ရှိသူများအပေါ် ထုတ်ပြန်ညွှန်ကြားထားပြီးဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက အန္တရာယ်ရှိအဆောက်အအုံမှ နေထိုင်သူများအား အချိန်နှင့်တစ်ပြေးညီ ဖယ်ရှားထွက်ခွာသွားရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ဤအဆင့်တွင် ဦးမောင်မောင်တာကသိလျက်နှင့် မမှန်မကန်ဆောင်ရွက်မှုကြောင့် နှောင့်နှေးမှုဖြစ်ပေါ်ကာ အဆောက်အအုံများ ပြိုကျပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပေါ်ပြီး ထိခိုက်ဒဏ်ရာရမှုများပေါ်ပေါက်လျှင်လည်းကောင်း၊ လက်တွေ့တရားဝင် ဆောင်ရွက်နေသူများတွင် ငွေကြေးနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခံစားလာရလျှင်သော်လည်းကောင်း အနှောင့်အယှက်ပေးသူ ဦးမောင်မောင်တာနှင့် တာဝန်ခံဆိုသူတို့တွင်သာ တာဝန်ရှိလာလိမ့်မည်ဖြစ်ပါကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
အာဂါမာမွတ်ရှီရာဇီထရပ်စ်၏ဦးဟန်(ဘီအေ၊ ဘီအယ်လ်)
တရားဝင်ထရပ်စ်တီးများကိုယ်စား တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၀/၆၃)
ထရပ်စ်တီး-ဦးနီဇမ်းရှီရာဇီ အမှတ်(၉၃)၊ ပထပ်(၃၂)လမ်း၊ ပန်းဘဲတန်း
မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၁၂၉၈

မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်မှု ၉၈ ရာခိုင်နှုန်းပြီးစီး

မူဆယ်၊ ဇွန် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဟိုမွှန်ရပ်ကွက်၊ ရွှေသမင်ဂေါက်ကွင်းအနီး မြေဧက ၂၃ ဒသမ ၆၉ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသော ခေတ်မီ အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်မှု ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၎င်းအဝေးပြေးကားကွင်းတွင် အဆင့်မီကွန်ကရစ်လမ်းများ၊ ကားရပ်နားကွင်းများ၊ ခုနစ်ခန်းတွဲ သုံးထပ်အဆောက်အအုံ၊ မီးသတ်ရုံနှင့် အုပ်ချုပ်ရေးမှူးအဆောက်အအုံ၊ မီးသတ်ရေကန်၊ ကားရေဆေးရုံနှင့် ကားပြုပြင်ရေးအလုပ်ရုံ၊ တည်းခိုခန်း၊ ရှစ်ထပ်ဟိုတယ်၊ စားသောက်ဆိုင်၊ ဘန်ဂလိုစသည်ဖြင့် အဆောက်အအုံ ၄၄ လုံး ပါရှိပြီး၊ အခန်း ၂၀၂ခန်းရှိပါရှိကြောင်း သိရသည်။

ထိုအခန်းများတွင် ကားဂိတ်များ၊ ရတနာပစ္စည်းအရောင်းဆိုင်များ၊ ပန်းချီ၊ ပန်းပုလက်ရာ အရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ ဈေးဆိုင်များ၊ ဒေသထွက်ပစ္စည်း အရောင်းဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဝေးပြေး ယာဉ်ရပ်နားစခန်း၏ အရှေ့ဘက်တွင် လွယ်တန်းခမ်းတောင်နှင့် မကြာမီတည်ထားကိုးကွယ်မည့် ၁၀၈ တောင်အမြင့်ရှိမည့် မိဂဒါမဟာစေတီတော်၊ ရွှေသမင်ဂေါက်ကွင်း၊ ဗဟိုစီးပွားရေးဇုန်သို့ ရောက်မည့် ရွှေလီကမ်းနားလမ်းမကြီး တို့တည်ရှိပြီး အနောက်ဘက်တွင် ရွှေလီမြစ်တည်ရှိသည်။

၎င်းစီမံကိန်းကို သိန်းသန်းချီကုမ္ပဏီမှ ရင်းနှီးမြုပ်နှံဆောင်ရွက်ခဲ့သည်။ တန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၂၇၄၉ ဒသမ ၉၈၅ ရှိပြီး ၂၀၁၂ နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့သော စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ စီမံကိန်းပြီးစီးမှုများအား ဇွန် ၂၇ ရက် ညနေပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများမှ ကြည့်ရှုခဲ့ရာ စီမံကိန်းရှင်းလင်းဆောင်တွင် မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် စီမံကိန်းဒါရိုက်တာ MD ဦးကျော်ဝင်းတို့မှ ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ပြီးစီးမှုအခြေအနေအားကြည့်ရှုကြစဉ်။

သိန်းဇော်(ရွှေလီဦး)

အငှားယာဉ်မောင်းသူထံမှ ငွေလုယူခဲ့သူနှစ်ဦးအား ဖမ်းမိရေးဆောင်ရွက်

ရန်ကုန်၊ ဇွန် ၃၀

ဇွန် ၂၅ ရက် ညနေ ၆ နာရီတွင် လှိုင်သာယာမြို့နယ်နေ ဦးမိုးအောင်ဇော်သည် ၎င်းမောင်းနှင်သည့် ဘီဘီအငှားယာဉ်ကို လှိုင်သာယာအဝေးပြေးရှေ့တွင် ဂိတ်ထိုးထားစဉ် လူငယ်နှစ်ဦးက ထန်းတစ်ပင်မြို့သို့ ပို့ဆောင်ပေးရန်ပြောသဖြင့် ငွေကျပ် ၅၀၀၀ ဖြင့်လိုက်ပါပို့ဆောင်ခဲ့ကြောင်းသိရသည်။

ထိုသို့လိုက်ပါလာစဉ် အစုကြီးကျေးရွာ ဓာတ်ဆီဆိုင်အနီးအရောက်တွင် အပေါ့သွားမည်ဟုပြောသဖြင့် ယာဉ်ကို ရပ်တန့်ပေးခဲ့သည်။၎င်းနောက်ဆက်လက်မောင်းနှင်စဉ် ဓာတ်ဆီဆိုင်နှစ်ဆိုင်ခန့်အရောက်တွင် ရှေ့ခန်းမှလူငယ်က အပေါ့သွားလိုကြောင်း ပြောသဖြင့် ထပ်မံရပ်တန့်ပေးခဲ့သည်။

အပေါ့သွားသည့်လူငယ် ကားပေါ်ပြန်ရောက်စဉ် နောက်ခန်းတွင်ထိုင်နေသူက ဦးမိုးအောင်ဇော်အား နောက်မှသိုင်းဖက်ကာ ကျန်တစ်ဦးက ဦးမိုးအောင်ဇော်၏ဝဲဘက်လက်သန်းကို ကိုက်ခဲ့ကြောင်း၊ ရုန်းကန်နေစဉ်နောက်ခန်းမှလူငယ်က အိတ်ကပ်အတွင်းရှိ ငွေကျပ် ၂၀၀၀၀ ကို နှိုက်ယူခဲ့သဖြင့် ကားထဲရှိ သံတုတ်ဖြင့် ပြန်လည်ခုခံမည်ပြုစဉ်အဆိုပါ လူငယ်နှစ်ဦး ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဦးမိုးဇော်အောင်မှ အဝေးပြေးဂိတ်မှ သူငယ်ချင်းများကို ပြန်လည်ခေါ်ကာ ည ၁၀ နာရီခန့်တွင် ဒုရဲအုပ်မျိုးလွင်အဖွဲ့နှင့်အတူ လိုက်လံရှာဖွေခဲ့ရာ ရှေ့ခန်းတွင်ထိုင်ခဲ့သူမှာ လှိုင်သာယာမြို့နယ်နေ ပိုင်မင်းလွင် ၁၈ နှစ်ဖြစ်ကြောင်း သိရသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ တက်သစ်နယ်မြေရဲကင်းစခန်းက (ပ) ၈၆/၁၄၊ ပြစ်မှုပုဒ်မ ၃၈၂ အရအမှုဖွင့်အရေးယူထားသည်။

(၃၁)

လာမည့်နှစ်တွင် ငပလီကမ်းခြေရှိ ဟိုတယ်များမှ ခရီးသွားရာသီသာမက ပြည်ပခရီးသည်လာရောက်မှုနည်းသော မိုးရာသီတွင်လည်းဟိုတယ်များ ဖွင့်လှစ်စေလို

ရန်ကုန်၊ ဇွန် ၃၀

လာမည့် ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ ငပလီကမ်းခြေမှ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သတ်မှတ်ထားသော မြန်မာနိုင်ငံ၏ ခရီးသွားရာသီသာမက ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုနည်းပါးသည့် မိုးရာသီတွင်ပါ ဟိုတယ်များဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်လိုကြကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန် မန်နေဂျာများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ငပလီကမ်းခြေမှ ဟိုတယ်များမှာ မြန်မာနိုင်ငံ၏ ခရီးသွားရာသီအတွင်းတွင်သာ ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်နိုင်သော်လည်း မိုးရာသီအဖြစ် သတ်မှတ်ထားသည့် မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလ စသည့်ငါးလတွင် ခရီးသွားဧည့်သည်များ လာရောက်မှု အလွန်နည်းပါးသောကြောင့် ဟိုတယ်အများစုမှာ မဖွင့်လှစ်နိုင်ကြဟု သိရသည်။

"ဟိုတယ်တွေက မိုးရာသီဆို မဖွင့်တာအစဉ်လာတစ်ခုလို ဖြစ်နေပါပြီ။ ထိုင်းနိုင်ငံ ဖူးခက်နဲ့ ပတ္တရားကမ်းခြေမှာရှိတဲ့ ဟိုတယ်တွေက မိုးတွင်းဖွင့်နိုင်ပေမယ့် ဒီမှာမဖွင့်ဘဲထားတော့ ဒေသခံတွေအတွက်ပါ အခွင့်အရေးဆုံးရှုံးလို့ သူတို့ရဲ့လစာကို အပြည့်မပေးနိုင်ဘဲ တစ်ဝက်ပဲပေးနိုင်ပါတယ်။ သူတို့နည်းတူဖွင့်နိုင်အောင် ကျွန်တော်တို့ဆီက အခြေခံအဆောက်အဦတွေ (Infrastructure)၊ အထောက်အကူတွေ (Facilities) တိုးတက်ဖို့ လိုအပ်နေတာကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေကို ကူညီဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်" ဟု ငပလီကမ်းခြေဟိုတယ်ဇုန် မန်နေဂျာများအသင်း၏ဥက္ကဋ္ဌ ဦးကျော်စွာမောင်မောင်က ပြောသည်။

ငပလီကမ်းခြေသို့ ပြည်ပမှခရီးသွားဧည့်သည်များ အဓိကလာရောက်မှုမှာ လေကြောင်းလိုင်းမှဖြစ်ပြီး မိုးရာသီတွင် လာရောက်လိုခြင်းရှိ၍ စုံစမ်းခြင်းများရှိသော်လည်း ကားလမ်းများမကောင်းခြင်းနှင့် ခရီးသွားလေကြောင်းလိုင်းများမှာလည်း ခရီးသွားအရေအတွက်နည်းပါးမှုကြောင့် တွက်ခြေမကိုက်ဖြစ်ကာ ပြေးဆွဲနိုင်မှုနည်းပါးသဖြင့် ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု နည်းပါးကြောင်း သိရသည်။

မိုးရာသီအတွင်း လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ငပလီကမ်းခြေရှိ ဟိုတယ်များမှ ဝင်ဆောင်မှုပေးဆောင်ရွက်ရာတွင် ဟိုတယ်အခန်းတွင်းပြုလုပ်နိုင်သည့် အစည်းအဝေးပွဲများ၊ ကွန်ဖရင့်များ၊ အလုပ်ရုံဆွေးနွေးပွဲများအတွက် ပြင်ဆင်ပေးရန်နှင့် သက်ကြီးရွယ်အိုများ၊ နှလုံးရောဂါရှိသူများ၊ ပန်းနာရင်ကြပ်ရှိသူများနှင့် အရေးပေါ်ဖြစ်လျှင် ကူညီပေးနိုင်ရန် ကျန်းမာရေးနှင့်ပက်သက်သည့် ကုထုံးဆိုင်ရာဝန်ဆောင်မှုများထားရှိ၍ ဆွဲဆောင်နိုင်ရန် လိုအပ်သည်။

Myanmar Marketing Committee အနေဖြင့်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဦးဆောင်မှုဖြင့် မိုးရာသီဖြစ်သော်လည်း ငပလီကမ်းခြေသို့ ပြည်ပမှခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုရှိစေရေးအတွက် နိုင်ငံတကာမှသိရှိစေရန် ခရီးသွားလုပ်ငန်းနှင့်ပက်သက်သည့် ပြပွဲများ၊ CNN၊ BBC အစရှိသော ရုပ်သံသတင်းဌာနများနှင့် ခရီးသွားလာမှုနှင့်ဆိုင်သော Web site များတွင် ကြော်ငြာပေးရန် ငပလီကမ်းခြေရှိ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများမှ လိုလားလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့မေလထဲမှာ နိုင်ငံတော်ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရောက်လာပြီး ငပလီကမ်းခြေက ဟိုတယ်တွေကို မပိတ်ဘဲ မိုးတွင်းမှာဖွင့်လှစ်ပေးဖို့ မှာကြားခဲ့ပါတယ်။ ဟိုတယ်နှင့်ခရီးဝန်ကြီးကလည်း အမြဲတစေဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုပါ။ ဒီတော့ တာဝန်ရှိသူတွေအားလုံး ခေါင်းချင်းဆိုင်ပြီးတော့ သေချာဆွေးနွေးစေချင်ပါတယ်" ဟု ငပလီကမ်းခြေဟိုတယ်ဇုန် မန်နေဂျာများအသင်း ဥက္ကဋ္ဌ ဦးကျော်စွာမောင်မောင်က ပြောသည်။

ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ ငပလီကမ်းခြေသို့ ခရီးသွားရာသီအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နိုဝင်ဘာလနှင့် ဖေဖော်ဝါရီလများတွင် တစ်လအတွင်း လူဦးရေတစ်သောင်းနီးပါး လာရောက်အပန်းဖြေကြပြီး ငပလီကမ်းခြေတွင် ဟိုတယ် ၂၂ လုံးနှင့်အခန်းအရေအတွက် ၈၀၂ ခန်းရှိသည်။ **စိုးအောင်ဖေ**









ကျပ်သန်း ၁၆၀ ဖြင့် တည်ဆောက်နေသည့် ဆည်ကြီး တံတား အမြန်ဆုံးပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်

ဆည်ကြီးတံတား၏ ဆောက်လုပ်နေမှုကို ကလေးခရိုင်မှ သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်စဉ်။

ကလေးဝ၊ ဇွန် ၃၀

နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သန်း ၁၆၀ ဖြင့် တည်ဆောက်နေသော ဆည်ကြီးတံတား ဆောက်လုပ်မှုအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များက ဇွန် ၂၈ ရက်တွင် အနီးကပ်ကွင်းဆင်းကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ် ဆည်ကြီး၊ ဂဇက်၊ ယုဇလယ် ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ဆည်ကြီးသံကူကွန်ကရစ်တံတားသည် အရှည်၂၄၀ ပေ၊ အကျယ် ၁၄ ပေ ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆၀ သန်းဖြင့် အကုန်ကျခံ တည်ဆောက်လျက်ရှိသည်။

ဆည်ကြီးတံတားကြီး ဆောက်လုပ်ပြီးစီးပါက ကျေးရွာ အုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၅၀ ကျော်တွင် နေထိုင်ကြသော ကျေးလက်ဒေသနေပြည်သူ ၂၂၀၀၀ ကျော်တို့အတွက် အလွန်အထောက်အကူပြုမည်ဖြစ်ပြီး ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အကျိုးပြုမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါတံတားကြီး ဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် Roal Great ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဂျိုးနက်

ကရသူရိမြို့နယ်ခွဲတွင် လိုင်စင်မဲ့၊ လိုင်စင်သက်တမ်းကုန်ဆိုင်ကယ်များ လိုင်စင်ဆောင်ရွက်ပေး

ကော့သောင်း၊ ဇွန် ၃၀

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကရသူရိမြို့နယ်ခွဲတွင် လိုင်စင်မဲ့ဆိုင်ကယ်များနှင့် လိုင်စင်သက်တမ်းကုန် ဆိုင်ကယ်များအား လိုင်စင်ဆောင်ရွက်ပေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးခန်းတွင် တာဝန်ရှိအဖွဲ့အစည်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနမှ တာဝန်ရှိသူများ၊(ကညန)ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊အကောက်အခွန်ဦးစီးဌာန၊မြို့နယ်ခွဲပြည်သူ့ရဲတပ်ဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖြင့် မြို့နယ်ခွဲတွင် လိုင်စင်ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းမြို့နယ်ခွဲတွင် ဆိုင်ကယ်များအား သတ်မှတ်ကာလအတွင်းလိုင်စင်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ သတ်မှတ်ကာလကျော်လွန်၍ လိုင်စင်မဲ့ဆိုင်ကယ်အသုံးပြုသူများအား စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရသူရိ (ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး အင်းကျိုက်ကျေးရွာတွင် အခြေခံပညာအလယ်တန်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ညောင်လေးပင်၊ ဇွန် ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မိုးခိုကျေးရွာအုပ်စု အင်းကျိုက်ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းလွင်နှင့်၊ အလှူရှင် ဦးတင်ဝင်းတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်းဆောင်သစ်အား မွန်ပြည်နယ် ကျိုက်ထိုမြို့တွင်နေထိုင်သော ဦးတင်ဝင်း ဇနီးဒေါ်အုန်းမြင့်မိသားစုမှ အလျား ၅၅ ပေ၊ အနံ ၂၅ ပေရှိတန်ဖိုးကျပ်သိန်း ၁၅၀ ခန့်အားလှူဒါန်းခဲ့သည်။ **ခင်မောင်လွင်**

ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်

ဘုတ်ပြင်း၊ ဇွန် ၃၀

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့တွင် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေး ဝိုင်းဝန်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ခြင်မခိုအောင်းနိုင်ရေး ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ NGO အဖွဲ့များ၊ ပြည်သူလူထုများ ဝိုင်းဝန်းကာ စက်ယန္တယားများအား အသုံးပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘုတ်ပြင်း(ပြန်/ဆက်)

ရေစကြိုမြို့နယ် ကမ်းနားလမ်း သာယာလှပရေး အဆင့်မြှင့်ဆောင်ရွက်

ရေစကြို၊ ဇွန် ၃၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်သာယာလှပရေးအတွက် လုပ်ငန်းငါးခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ကမ်းနားလမ်းသာယာလှပရေးကိုလည်းထည့်သွင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ်းနားလမ်း သာယာလှပရေးဆောင်ရွက်ရာတွင် ချင်းတွင်းမြစ်၏ မြို့စွန်ကမ်းနားပတ်လမ်းကို အရှည် ၁၅၀၀ ပေ၊ လမ်းအကျယ် ၁၈ ပေ၊ လမ်းသားအမြင့် သုံးပေကို မြေသားခင်းခြင်း လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပြီး ထိုမြေသားလမ်းပေါ်မှ မြေနီကျောက်စရစ် လေးပေခွဲအထူ ထုခင်း၍ မြေနီကျောက်စရစ်လမ်းအဖြစ် ခင်းကျင်းဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာန တာဝန်ခံဦးစိုးနိုင်မှ တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါကမ်းနားလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဆင့်မြှင့်တင်ဆောင်ရွက်သဖြင့် ကမ်းနားလမ်းတစ်လျှောက် သာယာလှပပြီး ပြည်သူများလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်း၊ လေကောင်းလေသန့်ရှူခြင်း၊ အပန်းဖြေနားနေခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေကြောင်းယင်းဒေသခံများက ပြောသည်။

ထို ကမ်းနားလမ်းအား အဆင့်မြှင့်တင်ပြီးပါက ကိုယ်လက်လှုပ်ရှားစရာ အားကစားပစ္စည်းများတပ်ဆင်ပေးခြင်း၊ နားနေအပန်းဖြေစရာ ထိုင်ခုံများတပ်ဆင်ပေးခြင်း၊ မျက်စိပသာဒဖြစ်စေသည့် ပန်းအလှပင်များစိုက်ပျိုးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်ကြောင်း ကျန်းမာရေးလိုက်စားသည့် ဒေသခံများက ပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)





ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြားကားပြေးဆွဲမှုများ ထိရောက်စွာ ဖမ်းဆီးအရေးယူမည်

ရန်ကုန်၊ ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီးတွင် ခရီးသည်တင်ကြားကားအဖြစ် လုပ်ငန်းလိုင်စင်မရှိဘဲ ပြေးဆွဲနေသောယာဉ်များကို ထိရောက်သောပြစ်ဒဏ်များနှင့် ဖမ်းဆီးအရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ် ထိန်းရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်)မှ ဒုတိယရဲမှူးကြီးလင်းထွဋ်က ဇွန် ၂၇ ရက် မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

"လက်ရှိအချိန်ထိ လုပ်ငန်းလိုင်စင်မရှိဘဲ ပြေးဆွဲနေတဲ့ကြားကားတွေကို အဖွဲ့ကိုးဖွဲ့နဲ့ ဖမ်းဆီးတာ ၂၄ စီး အရေးယူပြီးသွားပါပြီ။ ယာဉ်ထိန်းရဲကတော့ ယာဉ်စည်းကမ်းတရားရုံးမှာ တရားစွဲတယ်၊ ဒဏ်ငွေ ၁၅၀၀ ကျပ်ရိုက်တယ်။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနကတော့ လုပ်ငန်းလိုင်စင်ပြုလုပ်ထားခြင်းမရှိတဲ့အတွက်ဒဏ်ငွေ ၃၀၀၀၀ ကျပ်ချမှတ်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ လုပ်ငန်းလိုင်စင်မရှိဘဲ ပြေးဆွဲနေသောကားများအနေဖြင့် နိုင်ငံတော်သို့ အခွန်မပေးရသည့်အတွက် အမြတ်အစွန်းပိုကျန်၍ ပြေးဆွဲမှုပိုမိုများပြားလာပြီး တရားဝင်လုပ်ငန်းလိုင်စင်ဖြင့်ပြေးဆွဲခြင်း မဟုတ်သည့်အတွက် ယာဉ်အန္တရာယ် ဖြစ်ပွားလာပါက အာမခံမှုမရှိကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

လုပ်ငန်းလိုင်စင်မရှိသော ကြားကားအများစုပြေးဆွဲသောမြို့နယ်များမှာ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သင်္ဃန်းကျွန်းစံပြဈေးအနီးမှ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များသို့ အများဆုံးပြေးဆွဲလျက်ရှိနေပြီး ယာဉ်အများစုမှာ လိုက်ထရပ်ယာဉ်များဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်) မှ သိရသည်။

ထို့ပြင် သင်္ဃန်းကျွန်းမြို့နယ် စံပြဈေးအနီး စည်းကမ်းမဲ့ရောင်းချလျက်ရှိနေသော ဈေးသည်များကြောင့် ယာဉ်ကြောကြပ်တည်းမှုဖြစ်ပေါ်နေခြင်းကို ဇွန် ၂၄ ရက်မှ စတင်၍ ခရိုင်စည်ပင်အုပ်ချုပ်ရေးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါနေရာအနီး စည်းကမ်းမဲ့ယာဉ်ဖမ်းဆီးမှုအဖြစ် ဇွန် ၂၄ ရက်မှ ၂၆ ရက်နေ့အထိ စည်းကမ်းမဲ့ယာဉ်အစီးရေ ၇၂ စီးကို အရေးယူထားကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ သိရသည်။ **တင်မောင်ဦး**

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ညောင်ဦး၌ လွှဲပြောင်းပေးအပ်

ညောင်ဦး ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းတွင် စီမံကိန်းဝင်ကျေးရွာများ၌ ရန်ပုံငွေကြီးကြပ်မှုကော်မတီများဖွဲ့စည်းပေးထားသည်။ ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်းများကို ကျေးရွာရှိ ကျေးရွာသူကျေးရွာသားများ၏ ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးထားပြီး စာရင်းပြုစုထိန်းသိမ်းခြင်း သင်တန်းများလည်း ပို့ချသင်ကြားပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ထုတ်ပေးသည့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေသည် အရင်းမပျောက်လည်ပတ်မတည် ရန်ပုံငွေဖြစ်သည့်အတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေရရှိသည့် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအနေဖြင့်လည်း မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ အဆိုပါအခမ်းအနားတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်ရှိန်က အဆိုပါ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲတွင် ပြောကြားခဲ့သည်။

ထို့နောက် ညောင်ဦးမြို့နယ်မှ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာငါးရွာဖြစ်သည့် တက်မကျေးရွာအုပ်စု ဂုဏ်တောကျေးရွာ၊ ညောင်နီကျင်းကျေးရွာအုပ်စု ခြေပူးကန်ကျေးရွာ၊ တောင်းဇင်ကျေးရွာအုပ်စု ညောင်လှကျေးရွာ၊ ဆင်သားမွေးကျေးရွာအုပ်စု ဖျောက်ဆိပ်ပင်ကျေးရွာနှင့် ကူတောကျေးရွာအုပ်စု ထောက်ဝကျေးရွာတို့အား ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို တာဝန်ရှိသူများက ကျေးရွာများအလိုက် မြစိမ်းရောင်စီမံကိန်း ကြီးကြပ်မှုကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲသူရအောင်

သပိတ်ကျင်း-ရွှေဘိုယာဉ်လိုင်းသစ်အား ရတနာမြေ မော်တော်ယာဉ်အသင်းမှ တိုးချဲ့ပြေးဆွဲ

သပိတ်ကျင်း၊ ဇွန် ၃၀

ရတနာသိင်္ခ ဧရာဝတီမြစ်ကူးတံတားကိုဖြတ်၍ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့သို့ ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်း-ဇရပ်ကွင်း-ရွှေဘိုတိုးချဲ့ခရီးစဉ်အား သပိတ်ကျင်းမြို့ အခြေပြု 'ရတနာမြေ' မော်တော်ယာဉ်အသင်းမှ ဇွန် ၂၇ ရက်မှစတင်၍ လိုင်းပြေးဆွဲပေးသွားမည်ဖြစ်သည်။ ရတနာမြေကားအသင်းသည် ဟိုင်းလတ်ယာဉ်၊ လိုက်ထရပ်ယာဉ်၊ ဒိုင်နာယာဉ်များဖြင့် သပိတ်ကျင်းမြို့နယ်အတွင်း ပြေးဆွဲနေရာမှ အသင်းဝင်ကားများ တိုးချဲ့ပြီး ကားအစီးရေ ၂၀ ကျော်ဖြင့် သပိတ်ကျင်း-ရွှေဘို နေ့ချင်းပြန်ခရီးစဉ်အား ပြေးဆွဲသွားမည်ဖြစ်သည်။

သပိတ်ကျင်းမြို့ ဒေသခံကုန်သည်တစ်ဦးက "အရင်ကတော့ ရွှေဘိုကတစ်ဆင့် ကျောက်မြောင်း-သပိတ်ကျင်းဆိုပြီး မော်တော်ယာဉ်လိုင်းတွေ၊ သင်္ဘောတွေ သပိတ်ကျင်းမြို့ဆိပ်ကမ်းသို့ဆိုက်လို့ စည်ကားတဲ့မြို့တစ်မြို့ပါ၊ အခုအချိန်မှာတော့ သင်္ဘောတွေ၊မော်တော်တွေ၊ မန္တလေး-ဗန်းမော် အမြန်ယာဉ်တွေ အဆုန်၊ အဆန်မကပ်ကြတော့လို့ ရေကြောင်းကို အားကိုးလို့ မရတော့ဘူး။ တိုက်ရိုက်ကားတွေ နေ့ချင်းပြန်ပြေးဆွဲပြီဆိုတော့ ကုန်စည်စီးဆင်းမှုမြန်သွားပြီး ဒေသထွက်ကုန်ချင်းလည်း ဖလှယ်နိုင်တော့မှာဖြစ်လို့ အရမ်းဝမ်းသာပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါယာဉ်လိုင်းသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ပြီး ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယာဉ်အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်နှင့် အသင်းသားများ၊ ကုန်သည်ပွဲစားများ တက်ရောက်ကြသည်။ အဆိုပါယာဉ်လိုင်းသစ်ကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုးချဲ့ပြေးဆွဲခဲ့ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်ကျောင်းမှ နေပြည်တော် ဆေးရုံရှိ လူနာများသို့ ဆွမ်းထုတ်လှူဒါန်း

နေပြည်တော်၊ ဇွန် ၃၀

နေပြည်တော် ဇေ-၁၀၀၀ ခနသိဒ္ဓိရပ်ကွက် သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်ကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ စာရိတ္တ (ဓမ္မာစတိယ၊ ဝိနယဝိဒူ) ဦးဆောင်၍ အပတ်စဉ် တနင်္ဂနွေနေ့နံနက်တိုင်း စာသင်တိုက်ရှိ သံဃာအားလုံး အရဏ်ဆွမ်း ဆွမ်းခံ၍ရရှိသော ဆွမ်းဟင်းများကို နေပြည်တော်ကုတင် ၁၀၀၀ ဆေးရုံရှိ ဆေးရုံတက်နေသော လူနာများသို့ ထမင်းထုတ်တစ်ထောင်ကျော် အပတ်စဉ်တိုင်း သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

ဆရာတော်မှ ထိုကဲ့သို့ အပတ်စဉ်တိုင်းဆေးရုံသို့ သွားရောက်လှူဒါန်းခြင်းကြောင့် အရုဏ်ဆွမ်းလောင်းလှူရသော ရပ်ကွက်နေပြည်သူများမှာ မိမိတို့လောင်းလှူလိုက်ရသော ဆွမ်းကုသိုလ်မှာ ကုသိုလ်နှစ်ခါရရှိကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးမှ ပြောပြသည်။

ထို့အပြင် သဒ္ဓမ္မဝေပုလပရိယတ္တိစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစာရိတ္တ (ဓမ္မာစရိယ၊ ဝိနယဝိဒူ) သည် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများမှ ပြည်သူများက အကူအညီတောင်းလျှင်လည်း အကူအညီပေးကြကြောင်းလည်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဒေါက်တာ ကျင်ထွန်း (Managing Director, ပဟိုရ်ဆေးရုံ) + ဒေါ်မိုးသီတာ
ဒေါက်တာ ရင်ကြည် (Director, I.Q Vision)
ဒေါက်တာစန်းမြင့် (Associate Professor, မျက်စိအထူးကုဆရာဝန်ကြီး၊ မျက်စိဆေးရုံ) + ဒေါ်ခင်အေးအေးမိုင်
ဒေါက်တာကျော်စိုး (K-DENT Dental Centre, Implant Cosmetic & General Dentistry) + ဒေါ်လဲ့လဲ့ဝင်း
ဒေါက်တာခင်ဇော် (ခွဲစိတ်အထူးကုဆရာဝန်ကြီး Newzealand) + ဒေါက်တာခင်ချို (Newzealand)

ပုဂံသို့လာသောကမ္ဘာလှည့်ခရီးသွားများအတွက် တာဝန်ရှိသူများ၏ အချိန်ပြည့် စောင့်ကြပ်မှုကြောင့် ယခုနှစ်တွင် အလစ်သုတ်၊ ပစ္စည်းလုယူမှုများကျဆင်း

ရန်ကုန်၊ ဇွန် ၃၀

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစရာနေရာတစ်ခုဖြစ်သော ပုဂံ၊ ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဧည့်သည်များအား လုံခြုံမှုရှိစေရန်အတွက် အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုမှုများကြောင့် အလစ်သုတ်၍ ငွေ၊ ပစ္စည်းလုယူခံရမှုများ ယခင်နှစ်ထက် ပိုမိုကျဆင်းလာခဲ့ကြောင်း ပုဂံမြို့ရှိ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုပ်ခြုံရေးရဲတပ်ဖွဲ့မှ သိရသည်။

ယခင် ၂၀၁၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည်များထံမှ ငွေ၊ ပစ္စည်းအလစ်သုတ်ခံရမှု လေးကြိမ်ထိဖြစ်ပွားခဲ့သော်လည်း ယခုနှစ်တွင် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးစောင့်ကြည့်ရှုမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်မှုများကြောင့် ယနေ့အချိန်ထိ အလစ်သုတ်ခံရမှုမှာ မတ် ၁၅ ရက်နေ့တွင် အလိုတော်ပြည့်ဘုရားအလွန် အနော်ရထာလမ်းမကြီးဘေး စေတီအမှတ် ၁၇၆၁ တွင် တစ်ကြိမ်သာဖြစ်ပွားခဲ့သည်။

"နိုင်ငံခြားသားတွေ အဓိကသွားလာတဲ့ ပုဂံ၊ ညောင်ဦးနေရာတွေမှာ ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေက နယ်မြေခံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီးတော့ နိုင်ငံခြားသားတွေကို ကူညီစောင့်ရှောက်ပေးဖို့ ၂၄ နာရီကင်းလှည့်ဆောင်ရွက်နေပါတယ်။ အရာရှိတွေကလည်း မော်တော်ယာဉ်လှည့်ကင်းတွေ၊ ဆိုင်ကယ်လှည့်ကင်းတွေနဲ့ လိုက်လံစစ်ဆေးကြပ်မတ်နေပါတယ်။ သူတို့တွေ လမ်းမှားရင်၊ အဖွဲ့နဲ့လူစုကွဲသွားရင်၊ ထိခိုက်ဒဏ်ရာတစ်ခုခုရခဲ့ရင် ကူညီနိုင်အောင်လို့ပါ"ဟု ပုဂံမြို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

လက်ရှိ ပုဂံ၊ ညောင်ဦးဒေသတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အချိန်ပြည့် လှည့်ကင်းများစောင့်ကြည့်ခြင်းအပြင် နံနက် ၅ နာရီခွဲနှင့် ညနေ ၅ နာရီခွဲတို့တွင် နိုင်ငံခြားသားများ နေထွက်ချိန်နှင့် နေဝင်ချိန်အလှကို ကြည့်ရှုတတ်သောကြောင့် ၎င်းတို့နှင့်နီးစပ်ရာတွင် ကင်းလှည့်ခြင်း၊ ပုဂံ၊ ညောင်ဦးဒေသရှိ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား စသောအထင်ကရနေရာ ၁၈ နေရာတွင် ပုံမှန်ရပ်ကင်းချထား စောင့်ကြည့်ခြင်းများပြုလုပ်ခဲ့သည်။

ထို့ပြင် အရာရှိများမှဦးစီး၍ လှည့်ကင်းဆိုင်ကယ်အဖွဲ့ငါးဖွဲ့နှင့် နိုင်ငံခြားသားများ အလွယ်တကူမြင်ပြီး အကူအညီတောင်းခံနိုင်ရန် Tourist Police စာတမ်းပါသော မော်တော်ယာဉ်နှစ်စီးဖြင့် နေ့စဉ် လှည့်ကင်းဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့သည် ပြည်ပခရီးသွားဧည့်သည်များနှင့်ပတ်သက်၍ စက်ဘီးပျောက်ရှာပေးခြင်းနှစ်ကြိမ်၊ လှည်းလမ်းတွင် စက်ဘီးစီးမကျွမ်းကျင်၍ ချော်လဲသောကြောင့် အသေးစားထိခိုက်ဒဏ်ရာရသူအား ဆေးရုံပို့ပေးခြင်းသုံးကြိမ်၊ လမ်းစရိတ်နှင့် တည်းခိုစရိတ်အခက်အခဲကြောင့် ကူညီပေးခြင်းသုံးကြိမ်၊ ကင်မရာနှင့် ပိုက်ဆံအိတ်ပျောက်ဆုံး၍ ကူညီရှာဖွေကာ ပြန်လည်ပေးအပ်ခြင်းခြောက်ကြိမ်၊ ဒေသခံမြင်းလှည်းမောင်း၏ ပေါ့လျော့မှုကြောင့် မြင်းလှည်းမှောက်၍ ဆေးရုံသို့ ပို့ဆောင်ပေးခြင်း တစ်ကြိမ်တို့အား ကူညီပေးနိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံခြားသားများ ဆိုင်ကယ်မောင်းနှင်ခွင့်မပြုသည်ကို မောင်းနှင်၍ ပညာပေးခြင်းတစ်ကြိမ်နှင့် ဟိုတယ်၊ တည်းခိုခန်းများတွင် နိုင်ငံခြားသားများအနေဖြင့် နေထိုင်တည်းခိုရမည်ဖြစ်သော်လည်း ဒေသခံများ၏ ရပ်ကွက်များတွင်တည်းခို၍ ပညာပေးခြင်းတစ်ကြိမ်တို့ဖြင့် တားမြစ်ခဲ့ကြောင်းသိရသည်။

"မနှစ်ကနိုင်ငံခြားသားတွေ တက်ခွင့်မရှိလို့ တားမြစ်ထားတဲ့ မြောက်ဂူနီဘုရားနဲ့ ငါးမျက်နှာဘုရားတွေမှာ ညနေ နေဝင်ချိန်အလှကို ဓာတ်ပုံရိုက်မလို့ တက်ရင်းသတိလက်လွတ်ဖြစ်ရာက ပြုတ်ကျခဲ့တဲ့ နိုင်ငံခြားသားနှစ်ဦး ပြင်းထန်စွာဒဏ်ရာရခဲ့တာကို ဆေးရုံပို့ပေးခဲ့တာရှိပါတယ်။ စေတီပုထိုး၊ ဘုရားတွေမှာ နိုင်ငံခြားတွေ မြန်မာ့ယဉ်ကျေးမှုကိုထိခိုက်ပြီး မကိုက်ညီတာတွေ မလုပ်နိုင်အောင်အတွက်လည်း ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာနနဲ့ စောင့်ကြည့်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ပုဂံ၊ ညောင်ဦးဒေသတွင် ရာသီဥတုကွာခြားမှုကြောင့် ကွယ်လွန်ခဲ့သည့် အသက်အရွယ်ကြီးသော ဆွစ်ဇာလန်၊ တရုတ်နှင့် ကနေဒါနိုင်ငံမှ နိုင်ငံသားသုံးဦး၏ နာရေးများကိုငင်းအဖွဲ့မှကူညီပေးခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံညောင်ဦးနှင့် အင်းလေး ဒေသများတွင် လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဧည့်သည်များအား အကူအညီပေးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အား ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ မေ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပုဂံ၊ ညောင်ဦးဒေသ၌ စတင်ဖွဲ့စည်းချိန်တွင် ဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင် ၃၆ ဦးသာရှိခဲ့သော်လည်း လက်ရှိတွင် အရာရှိခုနစ်ဦးနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၄၀ ဦး၊ စုစုပေါင်း ၄၇ ဦး အထိ အင်အားတိုးမြှင့်မှုများရှိကြောင်း သိရသည်။

စိုးအောင်ဖေ

မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးဆွေးနွေး

မြင်းခြံ၊ ဇွန် ၃၀

မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်သည် ဇွန် ၂၇ ရက် ညနေ ၅ နာရီခွဲက လေးအိမ်တန်းကျေးရွာ၊ ဗိုလ်ချုပ်ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ကြောင်း၊ ပြည်သူများ၏ လိုအင်ဆန္ဒများကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးမည်ဖြစ်ကြောင်းတို့ကို ၎င်းတို့အားပြောကြားခဲ့သည်။

ကျေးရွာနေပြည်သူများက ဗိုလ်ချုပ်လှေကြီးပြန်လည်ရရှိရေး၊ လမ်းနှင့်တံတားများ ပြုပြင်ဆောက်လုပ်ရေးစသည်တို့ကို ဆွေးနွေးတင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်း၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။

ထို့နောက် ကျေးရွာနေပြည်သူတစ်ဦးက ယခုအချိန်တွင် ကင်းစောင့်ရခြင်း၊ စည်းရိုးများလုံခြုံစွာကာရံရခြင်း၊ နွားသူခိုးများရန်ကြောက်ရခြင်းတို့ မရှိ၍ အေးချမ်းလွတ်လပ်စွာနေရကြောင်း ကိုပြောကြားခဲ့သည်။

ဇော်မင်းနိုင်(မြင်းခြံ)

ဘိုကလေးမြို့နယ်ရှိတောင်သူများဆင်းသွယ်လတ်မျိုးသန့်မျိုးပွားစုပေါင်းမျိုးစေ့ချပွဲ ကျင်းပ

ဘိုကလေး ဇွန် ၃၀

ဘိုကလေးမြို့နယ်ရှိ တောင်သူလယ်သမားများစိုက်ပျိုးနည်းပညာများကို တိုးပွားရရှိစေသော ဆင်းသွယ် လတ်မျိုးသန့်မျိုးပွားစုပေါင်းမျိုးစေ့ချပွဲတော်အား ဇွန် ၂၂ ရက် နံနက် ၁၁ နာရီက ဘိုကလေးမြို့နယ် သက္ကံဝကျေးရွာအုပ်စု၊ ခနိုးချောင်းကျေးရွာ စံပြတောင်သူလယ်သမားဦးမြင့်ဝေ၏ လယ်ယာစိုက်ကွင်းနှစ်ဧက၌ ကျင်းပခဲ့သည်။

ယင်းမျိုးစေ့ချပွဲတော်တွင် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့်ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက္ကံဝ၊ ဟိုင်းစီ၊ သစ်ဖြူချောင်းနှင့်သစ်တိုချောင်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူး ဒေသခံလေ့လာရေးတောင်သူလယ်သမား ၁၂၅ ဦး တက်ရောက်လေ့လာ နည်းစနစ်ရယူကြသည်။

ထို့နောက် တောင်သူများအတွက်ဝင်ငွေတိုးပွားအကျိုးများစေသော ဆင်းသွယ်လတ်မျိုးသန့်မျိုးစေ့များကို ဘောင်စနစ်ဖြင့် မျိုးစေ့ချခြင်းကို ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းနှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကျွမ်းကျင်ဝန်ထမ်းများက စံပြတောင်သူဦးမြင့်ဝေ၏လယ်မြေနှစ်ဧကတွင် စုပေါင်းမျိုးစေ့ချခဲ့ကြောင်း သိရသည်။

(၃၆၄)

WINNER CO.,LTD
TAUNGGYI EXPO'
6-7-2014
10-7-2014
WINNER PH:09 517 3076, 09-250660119, 09-36152320, 09 2500 58306

EDE
CAR Computer, Engine, Hybrid, Ignition, Cooling, Lubrication, Sensor, EFI, ABS, Traction Control, ESC, Emission, System Diagram, Wiring, DTC, Live Data, Active Test, Fail Safe and Adaptation, Scan tool, All Data, Auto Data, Mitchell
To contact:
09 4211 444 95
09 4211 444 96
09 4211 444 97
Engine Doctor Engineering

EDE
Engine Doctor Engineering
Toyota Mark X 2004GDI + Honda CRV 2002 Auto4WD
No. 102, GF, 52nd st., Yangon.
Tel: 09 4211 444 95, 09 4211 444 96, 09 4211 444 97

Mobile Team အဖွဲ့မှ လပေါင်း ၂၀ အတွင်း တိုက်ရိုက်ကွပ်ကဲ၍ အမှုပေါင်း ၂၄၀၀ ကျော် ဖမ်းဆီးရမိ

ရန်ကုန်၊ ဇွန် ၃၀

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ Mobile Team မှ လပေါင်း ၂၀ အတွင်း တိုက်ရိုက်ကွပ်ကဲပြီး ဆောင်ရွက်ခဲ့သော အကောက်ခွန် အမှုပေါင်း ၂၄၃၉ မှုနှင့် ငွေကျပ် ၁၄ ဒသမ ၂၃ ဘီလီယံခန့် တားဆီးရမိပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအလိုက် စစ်ဆေးဆောင်ရွက်မှုမှာ ငွေကျပ် သုံးဘီလီယံခန့် စုစုပေါင်းငွေကျပ် ၁၇ ဘီလီယံခန့် ဖမ်းဆီးရမိကြောင်း ဇွန် ၂၇ ရက်တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ဖမ်းဆီးရမိတဲ့ပစ္စည်းတွေကို ချက်လေးချက်နဲ့ ဆောင်ရွက်တယ်။ စားသုံးရန်မသင့်တာတွေ အတုတွေကို မီးရှို့ဖျက်ဆီးတာ၊ သက်ဆိုင်ရာဌာနတွေကို ပြန်လွှဲပေးတာ၊ သစ်ဆိုရင် သစ်တော၊ သတ္တုကျောက်မျက်ဆိုရင် သတ္တုတွင်းဝန်ကြီး၊ မူးယစ်ဆေးဆို ပြည်ထဲရေး ကျန်တဲ့သက်ဆိုင်ရာဌာနတွေကို ပြန်လွှဲပေးတာ၊ နောက်တစ်ခုက အကောက်ခွန်ဥပဒေအရ ရွေးယူဒဏ်ငွေနဲ့ ပြန်ထုတ်ပေးတာ၊ နောက်ဆုံး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လေလံတင်ရောင်းချတာတွေကို ဆောင်ရွက်ခဲ့တယ်"ဟု ၎င်းကပြောသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီမှ ထိရောက်သော စစ်ဆေးအရေးယူဖမ်းဆီးခဲ့မှုများကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံအထိသာ ရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၆ ဘီလီယံအထိ တိုးတက်အောင်မြင်လာကြောင်း ၎င်းကထပ်မံရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းခုနစ်ခုတွင် ကမ်းရိုးတန်းသွား ရေယာဉ်များ အသိပညာပေးကာလသတ်မှတ်၍ စစ်ဆေးဆောင်ရွက်ခြင်းကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၂ ရက်မှ စတင်ဆောင်ရွက်ခဲ့မှုကြောင့် ကုန်သွယ်မှုများ တိုးတက်လာခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကော့သောင်းမှ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၅၂၈ သန်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈ သန်းအထိ တိုးတက်လာခဲ့သည်။ မြဝတီမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၅ သန်း ရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၅ သန်းတိုးတက်လာခဲ့သည်။

ယခင်က တရားမဝင် ကယ်ရီလမ်းကြောင်းများနှင့် ကုန်သွယ်နေရာမှ ယခုအခါ တရားဝင်ကုန်သွယ်ခွင့်လမ်းကြောင်းပေါ် ရောက်ရှိသည့်အတွက် နိုင်ငံတော်အတွက် အခွန်အခရရှိမှုလည်းတိုးလာကြောင်း Mobile Team အဖွဲ့မှ သိရသည်။ ဇူလိုင် ၂ ရက်မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တားဆီးရေးနှင့် စစ်ဆေးအရေးယူခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး

မေတ္တာရေကြည် အခမဲ့ဆေးခန်း အာယုဒါန ကွင်းဆင်းကုသပေး

ရန်ကုန်၊ ဇွန် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်(ည)ရပ်ကွက်ရှိ စိတ္တသုခစာသင်တိုက်ပဓာန နာယကဆရာတော် အရှင်ဇောသာရ၏ ဦးဆောင်မှုဖြင့် ဦးသက်မူ (စာရေးဆရာကိုသက်) နှင့် အပေါင်းအသင်းများထူထောင်ထားသော မေတ္တာရေကြည် အခမဲ့ဆေးကုခန်းမှ လူငယ်ဆရာဝန်များ၊ ဆရာမများက ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီထိ ရွှေပြည်သာ(၁၈)ရပ်ကွက် ကမ်းနားလမ်း ဦးထွန်းပိုင်၊ တက်နေလင်းပွဲရုံ၌ အာယုဒါန ကွင်းဆင်းဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

မေတ္တာရေကြည်အခမဲ့ဆေးခန်းသည် ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် အမှတ်(၃၉) မြဝတ်ရည်လမ်းတွင် တည်ရှိပြီး တနင်္လာ၊ ကြာသပတေး၊ သောကြာနေ့များ၌ နံနက် ၇ နာရီမှ ညနေ ၂ နာရီအထိ အခမဲ့ဆေးကုမသမှုပေးနေသော ဆေးခန်းဖြစ်သည်။ ယခုမိုးရာသီကာလအတွက် ကျန်းမာရေးအထောက်အကူပြု ကွင်းဆင်းဆေးကုသမှုတွင် ဒေါက်တာရာဇာမွန်နှင့် လူငယ်ဆရာဝန်သုံးဦး၊ ဆရာမလေးဦးနှင့် မေတ္တာရေကြည်ဆေးခန်း ဦးဆောင်သူများ ပါဝင်ကူညီအားဖြည့်လုပ်ဆောင်ခဲ့ကြသည်။

ဇွန် ၂၇ ရက် နေ့တွင် ညနေ ၄ နာရီအထိလူနာ ၄၀၀ ကျော် ကုသမှုပေးခဲ့ပြီး စိတ္တသုခဆရာတော်မှ လူနာတစ်ဦးကို ဆပ်ပြာမှုန့်တစ်ထုပ်စီပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုမိုး(ရွှေပြည်သာ)

လိုင်အသားပေးရေးထားသည့် စာရေးဆရာအား သဃ်န်းကျွန်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ

ရန်ကုန် ဇွန် ၃၀

သဃ်န်းကျွန်းမြို့မရဲစခန်းမှ ဒုရဲမှူးသိန်းဟန်မှ သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာတွင် ဇွန် ၁၆ ရက်မှ ၁၈ ရက်ထိ စီတီးမတ်စ်တစ်ခုတွင် လောကသရဖူ အမည်ဖြင့် အခန်း၄ားပြီး စာအုပ်များခင်းကျင်းရောင်းချရာ၌ စာရေးဆရာ အောင်ရင်ငြိမ်း(စုံစမ်းဆဲ) ရေးသားသည့် ရိုမန်ဘော့စ်တွေရဲ့ကမ္ဘာ စာအုပ်သည် ညစ်ညမ်းစာသားများ ရေးသားထားကြောင်း သတင်းအရ ဝယ်ယူစိစစ်ခဲ့သည်။

စာအုပ်အဖုံးတွင် အမျိုးသမီး အပေါ်ပိုင်းအဝတ်နှင့် စက်ရုပ်လူသားဖက်ထားသည့်ပုံပါရှိပြီး အတွင်းရှိစာသားများမှာညစ်ညမ်းစာသားများနှင့် လိင်ကိစ္စအသားပေးရေးထားသည့် ညစ်ညမ်းစာအုပ်နှင့်ရုပ်ပုံများအား ထုတ်လုပ်ဖြန့်ချိရောင်းချသူ အောင်ရင်ငြိမ်းအပေါ် အရေးယူပေးရန် ဇွန် ၂၄ ရက်ကတိုင်ကြားခဲ့ရာသဃ်န်းကျွန်းမြို့မရဲစခန်းက(ပ)၂၈၂/ ၁၄၊ပြစ်မှုပုဒ်မ ၂၉၂(က)အရ အမှုဖွင့်ထားကြောင်းသိရသည်။

(၃၁)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော လူစီးရထားများ၌ ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System))ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်း ပြေးဆွဲသောရထားများ၌ လက်မှတ်ဝယ်ယူမှု ပိုမိုလွယ်ကူအဆင်ပြေစေနိုင်ရေးအတွက် ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System)ကို ပုဂ္ဂလိကနှင့်အကျိုးတူ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် လူစီးရထားများ၏ လက်မှတ်များအား ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System)ဖြင့် ကနဦးအဓိက ဘူတာကြီး(၁၅)ဘူတာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ် ခွင့်ပြုစာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ တင်ဒါစာအိတ်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ စီးပွားရေးဌာန မြန်မာ့မီးရထားရုံးချုပ် (နေပြည်တော်ဘူတာကြီး)သို့ ၁၄-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့သွားကြရန်နှင့် နောက်ကျပေးပို့လာသည့် တင်ဒါစာအိတ်များကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်(၃၀၀၀၀ိ/-)ဖြင့် ၃၀-၆-၂၀၁၄ရက်မှစ၍ မြန်မာ့မီးရထား၊ စီးပွားရေးဌာန(နေပြည်တော် ဘူတာကြီး)နှင့် မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၇)တိုင်း- ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာကြီးတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (ဖုန်း ၀၆၇-၇၇၀၈၁/၀၆၇-၇၇၀၈၂)တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား





ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်(၅၅)

ဦးသန်းထွဋ်စိုး နှင့် ဒေါ်ဘီယူကင်
(တရားလိုများ) **(တရားပြိုင်များ)**

အမှတ်-၂၉၁/ခ၊ မာန်ပြေ(၇)လမ်း၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ဘီယူကင် CG-၀၆၈၁၄၈ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ် တရားလိုက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ်ဎင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ဎင်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ဎင်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ဎင်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ဎင်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်လိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး၊ သာကေတမြို့နယ်တရားရုံး

Expression of Interest ဖိတ်ခေါ်ခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ပူးပေါင်း၍ Off-grid Renewable Energy Demonstration Project ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ယင်းစီမံကိန်းအတွက် လိုအပ်သောနည်းပညာဆိုင်ရာ အကူအညီများရယူနိုင်ရန် အကြံပေး အဖွဲ့(၁)ဖွဲ့၊ (Consulting Firm)ငှားရမ်းသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော အကြံပေးအဖွဲ့များအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ Consultant Management System (CMS)မှတစ်ဆင့် ၂၂-၇-၂၀၁၄ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား အာရှဖွံ့ဖြိုးရေးဘဏ် Website http://www.adb.org/site/business-opportunities/operational-procurement/comsulting တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၃၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)		**Fax Machine နှင့် Automatic Strapping Machine**	**2-Items**
	(၁)	Fax Machine	48-Nos
	(၂)	Automatic Strapping Machine	3-Nos
(ခ)		125W HF Transceiver	7-Nos
(ဂ)		Fax Paper Roll	2000-Rolls
(ဃ)		Kaspersky Internet Security CD 3 User For 1Year (2013)	120-Nos
(င)		Calculator(16 Digit)	100-Nos
(စ)		**Marker Board Smart Board Colour Printer**	**3-Items**
	(၁)	Roll Around Marker Board	1-No
	(၂)	Smart Board 885 i x 2	2-Nos
	(၃)	Inject Colour Printer	1-No
(ဆ)		(2+0)Gbe IP မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း	88-Hops
(ဇ)		Solar System	2-Sets
(ဈ)		ရုံးသုံးပရိဘောဂ	9-Items
	(၁)	စားပွဲ(T-1001) (ကျွန်း၊ သုံးထပ်သား) (6'x4'x2'.6")	10-Nos
	(၂)	စားပွဲ(T-1002) (ကျွန်း၊ သုံးထပ်သား) (5'x3'x2'.6")	10-Nos
	(၃)	စားပွဲ(T-1003)(ကျွန်း၊ သုံးထပ်သား) (5'x3'x2'.6")	20-Nos
	(၄)	စားပွဲ(T-1004)(ကျွန်း၊သုံးထပ်သား) (4'8"x2'6"x2'.6")	40-Nos
	(၅)	လက်တင်မဲ့ကုလားထိုင်(C-1156) (ကျွန်း၊ ကြိမ်ထိုး) (1'5"x1'6"x1'.6")	40-Nos
	(၆)	လက်တင်ပါကုလားထိုင်(C-1076) (ကျွန်း၊ ကြိမ်ထိုး) (1'10"x2'.1½"x1'.6")	40-Nos
	(၇)	ဖိုင်တင်စင်(လေးဆင့်၊ကျွန်း) (3"x1'.2"x2'.3"x4")	30-Nos
	(၈)	ကောင်တာကုလားထိုင်(ကျွန်း) (19"x18¼"x54")	8-Nos
	(၉)	File Rack [914(w)x457(D)x940(H)]	10-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန www.mict.gov.mm.Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၁၁၉၂) ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၁၉၂)၊ ဧရိယာပေ(၄၅×၆၀) စတုရန်းပေ အကျယ်အဝန်းရှိ ဦးအပွရောင်း (AC-048400)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးအောင်ဇော်ထူး[၁၀/ရမန(နိုင်) ၀၆၉၀၆၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ အဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးနေလင်းအောင်	ဒေါ်ခင်စိမ်းဝေ	ဒေါ်ခင်ဖြိုးဝေ
LL.B.,D.B.L,D.M.L	LL.B.,D.B.L,D.I.L,D.M.L	LL.B.,D.B.L,D.M.L

အထက်တန်းရှေ့နေများ
ရုံး-အမှတ်(၄၉၀/က)၊သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၆၈၀၅၀၁၊ ၀၉-၅၁၁၁၀၇၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး(၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ)နေရာအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။
(ဃ) ၃၁-၇-၂၀၁၄ ရက်တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ဝန်ထမ်းဖြစ်ပါက ၃၁-၇-၂၀၁၄ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
(စ) မိမိတာဝန်ထမ်းဆောင်လိုသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတည်ရှိရာ ဒေသတွင် အမြဲတမ်းနေထိုင်သူ ဖြစ်ရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဇ) လျှောက်လွှာကို ၃၁-၇-၂၀၁၄ရက်အရောက် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ပေးပို့လျှောက်ထားရမည်။
(ဈ) မိမိတို့လျှောက်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများရှိ စာစစ်ဌာနများတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများကို ခံယူရမည်။
(ည) စာစစ်ဌာနများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင်(မြိတ်)ရှမ်းပြည်နယ်တွင် (တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး)၊ နေပြည်တော်တွင် (ဥတ္တရသီရိ)၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများက သတ်မှတ်သည့် စာစစ်ဌာနများတွင် ဖြေဆိုရမည်။
(ဋ) ၂၃-၈-၂၀၁၄ ရက် ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် ဗဟုသုတနှင့်အင်္ဂလိပ်စာ မေးခွန်းလွှာများကို နံနက် ၉ နာရီမှ ၁၂ နာရီထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှစ၍ လူတွေ့စစ်ဆေးမေးမြန်းခြင်းကိုလည်းကောင်း ဖြေဆိုရမည်။
(ဌ) စာမေးပွဲလာရောက်ဖြေဆိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်း ယူဆောင်လာရမည်။
(ဍ) အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် ခုံနံပါတ်များကို ၁၃-၈-၂၀၁၄ ရက်မှ ၂၂-၈-၂၀၁၄ ရက်ထိ ရုံးချိန်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပေးမည်။

၃။ လျှောက်လွှာလျှောက်ထားရာတွင် အောက်ပါအချက်များပါဝင်ရမည်။

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်တက်ရောက်ခဲ့ဖူးသည့်သင်တန်း(အောင်မြင်သည့်ခုနှစ်)
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဎင်းတို့၏အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် (လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန)
(ဆ) ဆက်သွယ်ရန်လိပ်စာ၊ အမြဲတမ်းနေရပ်လိပ်စာနှင့်ဖုန်းနံပါတ်တို့ကို ဖော်ပြရမည်။
(ဇ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်။
- တစ်လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ(နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- ဘွဲ့လက်မှတ်မိတ္တူမှန်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်
- ပြင်ပပုဂ္ဂိုလ်ဖြစ်က အလုပ်သမားမှတ်ပုံတင်လက်မှတ်မိတ္တူမှန်၊ သုံးလအတွင်း ရရှိထားသော သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း။

၄။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံနှင့်ဝန်ထမ်းရေးရာဌာန၊ ရုံးအမှတ်(၂၂)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်သည်။ အခြားဒေသရှိ ဝန်ထမ်းများသည် သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ခွင့်ပြုချက်ဖြင့် မိမိတာဝန်ထမ်းဆောင်လိုသည့်နေရာဒေသရှိ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံနှင့်ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၀၆၇-၄၀၄၂၃၄၊ ၄၀၄၂၀၈ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ရုံးအမှတ်(၂၂)၊ နေပြည်တော်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) (၅)နှစ်သင်တန်းအတွက် ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

၂။ အမျိုးသားဦးရေ(၁၅၀)ဦးနှင့် အမျိုးသမီးဦးရေ(၁၅၀)ဦး၊ စုစုပေါင်း(၃၀၀)ဦး လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့်အောင်မြင်သူ ဖြစ်ရမည်။

(ဂ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား/သူများကိုယ်တိုင် မဖြစ်မနေ ပါဝင်လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူ ဖြစ်ရမည်။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ်(၃၂၀)နှင့်အထက် ရရှိရမည်။

(င) လူတွေ့နှုတ်မေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A-4 Size)ဖြင့် ကွန်ပျူတာရိုက်၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မိတ္တူ)၊

(ခ) အမှတ်စာရင်း(မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်(မူရင်း)။

(င) လိုင်စင်ဓာတ်ပုံ(၃)ပုံ

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် လူမှုရေးခက်ခဲသော မြို့နယ်များမှ ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဤတက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုမြှင့်တင်ရေးကို ရှေးရှု၍ အမှတ်ကန့်သတ်ခြင်းမပြုဘဲ ဦးစားပေးလက်ခံပေးမည်။

၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုင်းရင်းသားများ ဤတက္ကသိုလ်တက်ရောက်ရန် လျှောက်ထားလာပါက အထူးဦးစားပေးမည်။

၈။ လျှောက်လွှာကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနသို့ လိပ်မူ၍ ၁၉-၉-၂၀၁၄ (သောကြာနေ့) နောက်ဆုံးထားပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ လူတွေ့နှုတ်မေး ဖြေဆိုခွင့်ရရှိသူများ စာရင်းကို ၁-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ဤတက္ကသိုလ်၌ ထုတ်ပြန်ကြေညာ ပေးမည်ဖြစ်သည်။

၁၀။ လူတွေ့နှုတ်မေး စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ရက်အလိုက်ဖြေဆိုရမည့်သူများ စာရင်းကို သတင်းစာတွင် ထပ်မံကြေညာပေးမည်။ လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုရမည့်သူများသည် ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် မိမိဖြေဆိုရမည့်ရက်မတိုင်မီ (၁)ရက်ကြိုတင်၍ ရောက်ရှိကြောင်း သတင်းပို့ရမည်။

၁၁။ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း) နှင့်နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၂။ အကယ်၍ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှု မဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့်အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၃။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်(ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၅၁၃)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
(၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည်(အပြည့်အစုံ)-------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်------------------

၂။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်)--

၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်------------------ခုနှစ်---------------------စာစစ်ဌာန-----------------------

၄။ လူမျိုး-------------------------ကိုးကွယ်သည့်ဘာသာ--

၅။ အမြဲနေထိုင်သောလိပ်စာ--

၆။ ဆက်သွယ်ရန်လိပ်စာ--

၇။ ဖခင်အမည်----------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်------------------------------

အလုပ်အကိုင်--

မိခင်အမည်------------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်------------------------------

အလုပ်အကိုင်--

၈။ ဝန်ခံချက်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။-- ---------------------------

ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြချက်များမှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။ ---------------------------

ရက်စွဲ။-- **မိဘ/အုပ်ထိန်းသူလက်မှတ်**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ကာလေမြို့နယ်ခွဲရုံး
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
၁။	ပေ(၄၄×၂၄×၁၁)+ပေ(၃၂×၂၀×၁၁)အုတ်ညှပ်သွပ်မိုး တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း	ကာလေမြို့နယ်ခွဲ ပြန်/ဆက်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၆-၂၀၁၄ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးရုံးခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့။

၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၃၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပေကျယ်တိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ ညောင်တုန်းလမ်း၊ ပေ(၂၅×၅၀)၊ 5.F ၊ BR(2)၊ ကျွန်းပါကေး၊ ကြွေပြားခင်းကပ်၊ ရှေ့/နောက်ဝရန်တာ(သံပန်း၊ ဆန်းရှိတ်)၊ မျက်နှာကြက်အလှဆင်ပြီး။ သိန်း(၉၅၀)

၂။ ကျွန်းတောလမ်းမ၊ ပေ(၂၀×၅၅)၊ 3.F၊ BR(2)၊ ကျွန်းပါကေး၊ ကြွေပြားခင်းကပ်/ရှေ့/နောက်ဝရန်တာ (သံပန်း၊ ဆန်းရှိတ်)၊ မျက်နှာကြက်အလှဆင်ပြီး။ သိန်း(၁၁၅၀) (ပွဲစားမလို)

ဖုန်း-၀၉-၃၁၉၀၇၁၉၉၊ ၀၉-၈၇၄၁၉၈၆

အမည်ပြောင်း

ဦးကျော်ဇေယျ၏သမီး တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆ၅မတန်းမှ မရွှေရည်ဖြိုးအား မရွှေရည်ဝင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မရွှေရည်ဝင်း

အမည်မှန်

ဦးဒေါင်လွမ်း၏သား ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထက(၃)၊ တတိယတန်း(က)မှ မောင်ဂွန်ဇမ်လွမ်းခေါင်၏ အမည်မှန်မှာ မောင်ဂွန်ဇန်လွမ်းခေါင် ဖြစ်ပါကြောင်း။

မောင်ဂွန်ဇန်လွမ်းခေါင်

မြေကွက်ဝယ်လိုသည်

09 250644566
09 255781353

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅/သမိုင်း၊ မြေကွက်အမှတ်-၁/ခ ၁၈၃၊ မြေကွက်တည်နေရာအမှတ်-၃၆၅၊ ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်အေးစိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးစိန် ၁၃-၈-၂၀၁၀ ရက်တွင် ကွယ်လွန်သဖြင့် ဦးထွန်းစိန်[၁၂/ရကန(နိုင်)၀၅၇၈၅၁]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ရုပ်ရှင်အဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Wood Free) (Sticker) (၁. ၅"×၁. ၂") အရွယ်အစား ဆင်ဆာလက်မှတ်(Sticker) ခုရေ (၁၈၀၀၀၀၀) (သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၇-၇-၂၀၁၄ ရက်မှ ၁-၈-၂၀၁၄ ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) တင်ဒါတင်သွင်းရန်နေရာ - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) တင်ဒါတင်သွင်းရမည့်ရက် - ၄-၈-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် ၀၁- ၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့.

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALACCA HIGHWAY V.174S သင်္ဘောသည် ၁-၇-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

INVITATION FOR OPEN TENDER
(MIXED LPG)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG(1,800 MT±5%).
2. Tender Closing Date : 3-7-2014 at (12:00)noon.
3. Tender Opening Date : 3-7-2014 at (13:00)hrs.
4. Delivery Time : Within July 2014
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 25-6-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
▲ (၄) ရက် – ဗုဒ္ဓဂယာ၊ ရာဇဂြိုလ်၊ နာလန္ဒာ
▲ (၈) ရက် – သံကဿနီ၊ ဗာရာဏသီ၊ ရာဇဂြိုလ်၊ နာလန္ဒာ
▲ (၁၅) ရက် – ...
Ph :09 5136466,09 8636466,09 43167666,09 73034666,09 33337762

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၇၈၃)၊ မြေကွက်တည်နေရာအမှတ်(၇၈၃)၊ ဇဋိလ(၄)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ် ဦးကျော်ခင် [၁၂/သဃက(နိုင်)၀၀၅၂၄၉] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးကျော်ခင်(ဖခင်)နှင့် ဒေါ်တင်တင်(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ဒေါ်စိန်စိန်မြင့်[၁၂/ဒဂန(နိုင်)၀၀၄၀၀၁]၊ ၂။ဒေါ်စိန်စိန်တင့်[၁၂/သဃက(နိုင်)၀၀၅၂၅၂]၊ ၃။ဒေါ်စိန်စိန်ဌေး[၁၂/သဃက(နိုင်)၀၀၅၂၅၃]၊ ၄။ဒေါ်ဝင်းပပ[၁၂/သဃက(နိုင်)၀၀၅၂၅၄] တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးမောင်မောင်
(၁-၇-၂၀၀၀ - ၁-၇-၂၀၁၄)

ခိုင်မေတ္တာရေလုပ်ငန်း၊ ခိုင်မေတ္တာပွဲရုံ၊ ရွှေနန်းတော်ဟိုတယ်၊ အနန္တကျေးဇူးရှင်ပါးပါးကြီးမိသားစုနှင့် ခွဲခွာခဲ့သည်မှာ (၁၄)နှစ်ပြည့်ပြီဖြစ်သော်လည်း အမြဲတမ်းသတိရ လွမ်းဆွတ်နေဆဲပါ။ ပါးပါးကြီးအတွက် ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး - **ဒေါ်တင်ရီ(မေမေ)**
သမီးကြီး - **ကိုအောင်မျိုးသိုက်(ကိုအောင်)-စုစုခိုင်(စုစု)**
သမီးငယ် - **ကိုသောင်းထွန်း-စုစုလှိုင်(စုလှိုင်)**
မြေးများ - **ယမင်းသိုက်(ပုံ့ပုံ့)၊ ကဆုန်သိုက်(ကဆုန်)**
ဆင်းရူပါထွန်း(မြတ်စိုး)၊ စောယုဝတီထွန်း(ဘေးဘေး)၊
ဉာဏ်လင်းထွန်း(တီးတီး)

ဦးဟန်သာ အင်္ဂလိပ်စာ
TUTOR ENTRANCE
July 5
FOUR SKILLS 25000/-
UFL ENTRANCE
E.Major
Advanced Grammar July 5

Golden Sky
Professional Training Centre
★ Condominium Estimate Courses
★ R.C.C Building (Myanmar) Estimate Course

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ဒေါ်မြင့်မြင့်ခင်(မာမီကြီး) အသက်(၉၁)နှစ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆုံးတိုင်အဘက်ဘက်မှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဆေးပညာလောက၏ မိခင်ကြီးဖြစ်သူ၊ တပည့်များအတွက် မီးရှူးတန်ဆောင်ပမာ ရှေ့ဆောင်လမ်းပြပညာများ သင်ကြားပေးခဲ့သော ကျေးဇူးရှင် မာမီကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခင်သည် ၁၉-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

တပည့်များ
၁၉၆၆-၁၉၇၃ ဆေးတက္ကသိုလ်၊ မန္တလေး။

U Win Min Tun
ကိုရီးယားဘာသာ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကန့်ကွက်နိုင်ပါသည်

အမြန်ဆက်သွယ်ပါ

ကိုလှိုင်မိုး (အဖ ဦးဇော်လွင်-အမိ ဒေါ်တိုးကြည်) ဇာတိ-သန့်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဦးလေးထံ အမြန်ဆက်သွယ်ပါ

ဖုန်း-၀၉-၅၁၇၈၇၉၄၊
၀၉-၇၃၀၈၅၃၀၇

ပိုင်ရှင်ကိုယ်တိုင် အမြန် ရောင်းမည်။
1. NISSAN ATLAS (06)(1.5T) (DIESEL/MT)(10 ...)
2. ISUZU ELF (03)(2T)(DIESEL/MT) (10 ...)
3. NISSAN ATLAS(03) (2T) (DIESEL/MT) (14 ...)
4. NISSAN ATLAS(03)(2T)(DIESEL/AT)(10 ...)
5. TOYOTA DYNA(03)(1.5T)(PETROL/MT)(POWER GATE)
6. MAZDA TITAN DASH (04)(1.5T)(PETROL/MT)(10 ...)

Get US Degree: Any Major University of Your Own Choice
အမေရိကန်ပညာရေး
ဝန်ဆောင်မှုလုပ်ငန်း
Call Us: 01-527168 09-255 901 718

ကန့်ကွက်နိုင်ပါသည်

N-3
ကိုယ်ပိုင်
အထက်တန်းကျောင်း
(Private and Boarder)
Ph: 01-577874, 09-421167047, 09-420046938, 09-73180267

ကျန်းမာရေးဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းအခြေအနေအပေါ် သုံးသပ်ကြည့်လျှင် တိုးတက်သည့်အပိုင်းများ တွေ့မြင်ရသကဲ့သို့ မတိုးတက်သည့်အပိုင်းများလည်း တွေ့မြင်နေရ

နေပြည်တော် ဇွန် ၃၀

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးပြင်ဆင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (၅)ခုအနက် နောက်ဆုံးအလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ကိုစတင်ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းအခြေအနေအပေါ် သုံးသပ်ကြည့်လျှင် တိုးတက်သည့်အပိုင်းများ အမြောက်အမြားတွေ့မြင်ရသကဲ့သို့ မတိုးတက်သေးသည့် အပိုင်းများလည်း တွေ့မြင်နေရပါကြောင်း၊ အချို့နေရာများတွင် မတိုးတက်သည့်အပြင် ပကတိအခြေအနေအရ ကျဆင်းနေသည့် အခြေအနေမျိုးရောက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ခေတ်အလျောက်ပြောင်းလဲတိုးတက်လာသည်ကို ပြည်သူလူထုက လက်ခံကြိုဆိုကြမည်ဖြစ်သော်လည်း ကျဆင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ယနေ့ **မာတိကာ**

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်
စာမျက်နှာ - ၇

ယဉ်ကျေးမှုကို ထိန်းသိမ်းထား မြန်မာ့သားကောင်းသမီးများ
စာမျက်နှာ - ၉

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသို့ တိုင်ကြားနိုင်
စာမျက်နှာ - ၁၀

ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိခဲ့သည့် နယ်သာလန်
စာမျက်နှာ - ၁၃

MFF Cup ရှုံး ထွက်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များ ထွက်ပေါ်

သတင်း » » » ရှိုင်းထက်ဇော်

၂၀၁၄ MFF Ooredoo Cup ရှုံး ထွက်ဘောလုံးပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များအတွက် ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲကို ယနေ့နံနက်ပိုင်းက MFF ရုံး၌ ပြုလုပ်သည်။ တတိယအဆင့်ပွဲစဉ်များကို ဇူလိုင် ၅၊ ၆၊ ၇ ရက်များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး လက်ရှိချန်ပီယံဧရာဝတီအသင်းမှာ ဇေယျာရွှေမြေအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

တတိယအဆင့်ပွဲစဉ်များကို ဒုတိယအဆင့်မှ အနိုင်ရလာသည့် ဟံသာဝတီ၊ မြဝတီ၊ Southern၊ ချင်းယူနိုက်တက်နှင့် Horizon တို့ ငါးသင်းအပါအဝင် တတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရရှိသည့် ရတနာပုံ၊ မကွေး၊ ကမ္ဘောဇ၊ ဇွဲကပင်၊ မနောမြေ၊ ဧရာဝတီ၊ ဇေယျာရွှေမြေတို့ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ တတိယအဆင့်ပွဲစဉ်အဖြစ် ဇူလိုင် ၅ ရက်တွင် ပဒုမ္မာကွင်း၌ ကမ္ဘောဇနှင့် ဇွဲကပင်၊ စလင်းကွင်း၌ မြဝတီနှင့် မကွေး၊ ဇူလိုင် ၆ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် မနောမြေ၊ စလင်းကွင်း၌ ဧရာဝတီနှင့် ဇေယျာရွှေမြေ၊ ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် **စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❃**

တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ပေါ်လွင်စေသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ

သတင်းဆောင်းပါး » သီသီမင်း၊
ဓာတ်ပုံ » ခင်မောင်ဝင်း(ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်မှုများ၊ ဒေသပုံရိပ်များနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုထင်ဟပ်ပေါ်လွင်စေသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က စီစဉ်သော “ယဉ်ကျေးစုံစွာ မျိုးမြန်မာ ရိုးရာခြယ်သတိုင်းရင်းညီအစ်မ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ”ကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်ခဲ့သည်။

လူသားတို့နေထိုင်ရာ ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ သိပ္ပံနှင့်နည်းပညာများ တိုးတက်ခေတ်မီလျက်ရှိရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံကူးလူးဆက်ဆံကြရာတွင် လူမှုရေး၊ စီးပွားရေး၊ ပညာရေးသာမက ကွဲကူးရေပါဆိုသလို ယဉ်ကျေးမှုများပါ ကူးစက်ပျံ့နှံ့လာခဲ့သည်။

တစ်နိုင်ငံနှင့် တစ်နိုင်ငံယဉ်ကျေးမှုဓလေ့စရိုက်ခြင်း မတူညီမှုများကြောင့် ယဉ်ကျေးမှုစံနှုန်းများသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အံဝင်ခွင်ကျ ဖြစ်ရန်မလွယ်ကူလှပေ။ မိမိတို့နေထိုင်ရာ နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု ဓလေ့ထုံးတမ်းများဖြင့်နေထိုင်လာခဲ့ကြသူများဖြစ်သည်။ ယခုအခါ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်းသို့ ပြည်ပမှ သရုပ်ပျက် ယဉ်ကျေးမှုများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ထိုးဖောက်ဝင်ရောက်လာနေသည်ကို တွေ့မြင်နေရသည်။

ထိုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း ထိုးဖောက်ဝင်ရောက်လာနေသော သရုပ်ပျက်ယဉ်ကျေးမှုများ၊ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○**

ကမ္ဘာ့ဖလား
ဘောလုံးပြိုင်ပွဲ
ကြေးမုံ အထူးထုတ် ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက် အင်္ဂါနေ့
FIFA WORLD CUP Brasil

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250084451, 0931702299
09420254872

ဆွစ်ဇာလန်ဟာ အာဂျင်တီးနားရဲ့ ပြိုင်ဘက်ကောင်းမဟုတ်ဘူး

မဟာဆိုတဲ့ထိုးစစ်ဖုန်တစ်ခုလုံးပေါင်းမှ စုစုပေါင်းခြောက်ဂိုးပဲရတယ်။ အဲဒီအထဲမှာ မက်ဆီတစ်ဦးတည်းက လေးဂိုးတိတိသွင်းတယ်။ ပြိုင်ဘက်ရဲ့ကိုယ့်ဂိုးကိုယ်သွင်းယူမှုက တစ်ဂိုးဆိုတော့။ သူတို့ရဲ့မဟာထိုးစစ်ဖုန်ဟာ သံသယဖြစ်စရာကောင်း

ဒီနှစ်ကမ္ဘာ့ဖလားမှာ တောင်အမေရိက အသင်းတွေအပေါ် အနည်းငယ်မကတဲ့ စောင့်ကြည့်မှုတွေရှိတယ်။ အထူးသဖြင့် အဲဒီစောင့်ကြည့်မှုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အစဉ်အလာတစ်ရပ်နဲ့ပိုပြီး ပတ်သက်တယ်။ ကမ္ဘာ့ဖလားကို အရင်က တောင်အမေရိကမှာ လေးကြိမ်ကျင်းပဖူးတော့ အဲဒီလေးကြိမ်စလုံးမှာ တောင်အမေရိက အသင်းတွေချည်းပဲ ဗိုလ်စွဲတယ်။ ၁၉၃၀ ဥရုဂွေး ကမ္ဘာ့ဖလားမှာ ဥရုဂွေး။ ၁၉၅၀ ဘရာဇီးကမ္ဘာ့ဖလားမှာ ဥရုဂွေး။ ၁၉၆၂ ချီလီ ကမ္ဘာ့ဖလားမှာ ဘရာဇီးနဲ့ ၁၉၇၈ အာဂျင်တီးနား ကမ္ဘာ့ဖလားမှာ အာဂျင်တီးနား။

ဒီတော့ ငါးကြိမ်မြောက်ဖြစ်တဲ့ ဒီတစ်ကြိမ်မှာလည်း တောင်အမေရိကအသင်းတစ်သင်းပဲ ဗိုလ်စွဲလေမလား ဆိုတဲ့အတွေးနဲ့ တောင်အမေရိကအသင်းတွေကို စောင့်ကြည့်မှုပိုတယ်။ အဲဒီအထဲမှာ ဘရာဇီးပါတယ်။ အာဂျင်တီးနားပါတယ်။ အထူးသဖြင့် အဲဒီအထဲမှာ ကစားသမား အရင်းအမြစ်ပိုပြီးဖွံ့ဖြိုးတဲ့ အာဂျင်တီးနားကို စောင့်ကြည့်မှုပိုတယ်။ သူတို့မှာ မဟာတိုက်စစ် အစုအဝေးရှိတယ်။ မက်ဆီ၊ အဂူရို၊ ဟီဂွါယင်၊ လာဗက်ဇီ၊ ဒီမာရီယာ၊ ပလာစီယို့စ်တို့အားလုံးက ထိပ်တန်းအဆင့် တိုက်စစ်မှူးတွေ။ဒီတော့ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာသူတို့ကို အထင်ကြီးကြတယ်။

ဒါပေမယ့် လက်တွေ့ကျတော့ထင်သလိုဖြစ်မလာဘူး။ မဟာဆိုတဲ့ ထိုးစစ်ဖုန်တစ်ခုလုံးပေါင်းမှ စုစုပေါင်း ခြောက်ဂိုးပဲရတယ်။ အဲဒီအထဲမှာ မက်ဆီတစ်ဦးတည်းက လေးဂိုးတိတိသွင်းတယ်။ ပြိုင်ဘက်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်း ယူမှုက တစ်ဂိုးဆိုတော့။ သူတို့ရဲ့ မဟာထိုးစစ်ဖုန်ဟာ သံသယဖြစ်စရာကောင်းတယ်။ အထူးသဖြင့် ဟီဂွါယင်၊ အဂူရို၊ လာဗက်ဇီ၊ ပလာစီယို့စ်၊ ဒီမာရီယာတို့အားလုံးက ဂိုးမရကြသေးဘူး။ဒီတော့ အာဂျင်တီးနားကို အမြင့်မျှော်မှုကနေ စိုးရိမ်စိတ်ဘက် ပြန်ပြောင်းကြည့်ကြတယ်။ သူတို့ရဲ့ ဒီတိုက်စစ်အားနဲ့ ဗိုလ်စွဲနိုင်တဲ့အထိ သူတို့လျှောက်နိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ စောင့်ကြည့်ကြတယ်။ အရှင်းဆုံး ပြောရရင် လက်ရှိအချိန်မှာ အာဂျင်တီးနားဂိုးရရှိရေးဟာ မက်ဆီအပေါ်မှာ လုံးလုံးလျားလျားတည်မှီတယ်။ မက်ဆီ ခြေစွမ်းပြနိုင်ခြင်း၊

စာမျက်နှာ ၃ သို့ » »

ခံစစ်နှင့် တိုက်စစ်မျှတအောင် ကစားသွားရမည်ဟု အသင်းဖော်များကို ဇာဘလက်တာ သတိပေး

အာဂျင်တီးနား နောက်တန်းကစားသမား ဇာဘလက်တာက အသင်း၏ တိုက်စစ်ကောင်းမွန်မှုနှင့် ခံစစ်တည်ငြိမ်မှုတို့ ညီမျှနေရန် လိုအပ်ကြောင်းနှင့် အကယ်၍ မညီမျှဖြစ်ပါက ပြိုင်ပွဲမှ ထွက်ခွာသွားရမည်ဖြစ်ကြောင်း သတိပေးစကား ဆိုလိုက်သည်။

အာဂျင်တီးနားအသင်းသည် အုပ်စုတွင်းသုံးပွဲစလုံးအနိုင်ရရှိခဲ့ပြီး ၁၆ သင်း အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ သို့သော်လည်း နိုင်ဂျီးရီးယားကို ၃-၂ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ခံစစ်အမှားများ ရှိနေခဲ့ပြီး အီရန်ကို ၁-၀ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင်လည်း ခံစစ်ပိုင်းအမှားများ ရှိခဲ့သည်။

ဇာဘလက်တာက "အုပ်စုအဆင့်ကနေ ဖြတ်ကျော်လာခဲ့ပြီးနောက်မှာ အသင်းဟာ တိုးတက်မှုတွေရှိလာပြီလို့ ထင်ပါတယ်။ ကျွန်တော့်တို့အသင်းဟာ တိုးတက်မှုတွေ ရှိလာပါပြီ။ အရေးကြီးဆုံးက ပြိုင်ဘက်အသင်းတွေက ကိုယ့်ကိုယ် ဘယ်လိုတုန့်ပြန်မလဲဆိုတာကို သိနေဖို့လိုပါတယ်။ ခုချိန်မှာ ပွဲတိုင်းဟာ အရေးကြီးပါတယ်။ ပြိုင်ဘက်အသင်းဟာ တိုက်စစ်ဆင်ကစားလေ ကျွန်တော်တို့အတွက် နေရလွတ်တွေ ရလေလေပါ။ အရေးကြီးဆုံးကတော့ ခံစစ်နှင့်တိုက်စစ်မျှတမှုရှိနေဖို့ပါ"ဟု ပြောသွားသည်။

သစ်လွင်

ဘယ်လ်ဂျီယံအသင်းအား အနိုင်ယူနိုင်စွမ်းရှိကြောင်း ကလင်းစမန်း ဆို

အမေရိကန်အသင်းတွင် မထင်မှတ်သောရလဒ် ထွက်ပေါ်လာအောင် စွမ်းဆောင်နိုင်စွမ်းရှိပြီး သရဲနီများ (ဘယ်လ်ဂျီယံသင်းအမည်ပြောင်) အား ကျော်ဖြတ်ရန် ယုံကြည်မှုရှိကြောင်း အမေရိကန်အသင်းနည်းပြ ဂျာဂင်ကလင်းစမန်းက ပြောကြားလိုက်သည်။ အမေရိကန်အသင်းသည် အုပ်စု (ဆ)တွင် ပေါ်တူဂီနှင့် ဂါနာအသင်းကို ကျော်ဖြတ်ကာ အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့်ကို တက်ရောက်လာခြင်းဖြစ်သည်။ "ကျွန်တော်တို့မှာ ယုံကြည်မှုအပြည့်ရှိပါတယ်။ အထူးသဖြင့် ရှုံးထွက်အဆင့်မှ ဆုံတွေ့မယ့် ဘယ်လ်ဂျီယံအသင်းကို အနိုင်ယူနိုင်စွမ်းရှိပါတယ်" ဟု အသက် ၄၉ နှစ်ရှိ ဂျာမန်နည်းပြက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"ဘယ်လ်ဂျီယံအသင်းဟာ အသင်းမှာရှိတဲ့ ကစားသမားတွေကြောင့် ဒီနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ နာမည်ကြီးနေတဲ့ အသင်းတွေထဲက တစ်သင်းပါ။ ကျွန်တော်တို့ လုံးဝမကြောက်ရွံ့ပါဘူး။ သူတို့ကို စိန်ခေါ်နိုင်တဲ့ အခြေအနေ ရှိနေပြီး အနိုင်ယူနိုင်တဲ့ အသင်းတစ်သင်း တည်ဆောက်ထားတာပါ။ အခုလို ရှုံးထွက်အဆင့်မှာ ကစားသမားတိုင်းဟာ အသင်းအတွက် ရာနှုန်းပြည့် ပေးဆပ်ကြရမှာပါ။ အသင်းပေါ်မှာ ကျွန်တော်ယုံကြည်ခဲ့ပြီး သူတို့ရဲ့ ကြိုးစားအားထုတ်မှုက ရာနှုန်းပြည့် မရောက်သေးဘူးလို့ မပြောနိုင်ပါဘူး။ ဒါဟာ ကစား သမားတွေအတွက် အလွန်ကိုအရေးကြီးတဲ့ စကားပါ"ဟု ကလင်းစမန်းက ဆိုသည်။

၁၉၉၀ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ဖူးသည့် ဂျာမန်တိုက်စစ်မှူးဟောင်း ကလင်းစမန်းသည် ဂါနာအသင်းနှင့် ကစားခဲ့သည့် အဖွင့်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့သည့် ဂျိုဇီအယ်လ်တီဒိုး ဒဏ်ရာ ပြန်လည်သက်သာလာပြီး ဝင်ရောက်ကစားနိုင်ရန် မျှော်လင့်နေသည်။

[သုတ]

အမေရိကန်အသင်းကို သတိထားရမယ်ဆိုတဲ့ ဘယ်လ်ဂျီယံနည်းပြ ဝီမော့စ်

ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် တွေ့ဆုံမည့် အမေရိကန်အသင်းသည် ဘယ်လ်ဂျီယံအသင်းအား ပြိုင်ပွဲမှ ထွက်ရသည်အထိ ဒုက္ခပေးနိုင်ကြောင်း ဘယ်လ်ဂျီယံအသင်းနည်းပြ မတ်ခ် ဝီမော့စ်က ပြောကြားသည်။ ဘယ်လ်ဂျီယံနှင့် အမေရိကန်အသင်းတို့သည် ဇူလိုင် ၁ ရက်နေ့တွင် ဆယ်လ်ဗာဒိုမြို့တွင် ရှုံးထွက်ပွဲ ကစားရမည်ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းသည် အာဂျင်တီးနားနှင့် ဆွစ်ဇာလန်အသင်းတို့၏ ရှုံးထွက်ပွဲမှ အနိုင်ရသည့်အသင်းနှင့် ကွာတားဖိုင်နယ် ကစားရမည်ဖြစ်သည်။

"ရုပ်ပိုင်းဆိုင်ရာအရ အမေရိကန်အသင်းက အလွန်ကိုတောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်ပြီး သူတို့ကို ရင်ဆိုင်ဖို့ ကျွန်တော်တို့ အကောင်းဆုံး ပြင်ဆင်နေပါတယ်" ဟု အသင်းနှစ်သင်းကြား သမိုင်းတစ်လျှောက် ငါးပွဲတွေ့ဆုံရာတွင် လေးပွဲ အနိုင်ယူခဲ့သည့် ဘယ်လ်ဂျီယံအသင်းနည်းပြက ဆိုသည်။ "ချစ်ကြည်ရေးပွဲမှာ အနိုင်ရတာနဲ့ နှိုင်းယှဉ်လို့ မရပါဘူး။ ကျွန်တော်တို့ ကစားရမှာ ရှုံးထွက်ပွဲဖြစ်ပြီး ချစ်ကြည်ရေးပွဲနဲ့ လုံးဝ ခြားနားပါတယ်" ဟု ဘယ်လ်ဂျီယံ ကွင်းလယ်တိုက်စစ်မှူး ကီဗင်ဒီဘရုန်းက ပြီးခဲ့သည့်နှစ် မေလက ကစားခဲ့သည့် ချစ်ကြည်ရေးပွဲတွင် အမေရိကန်အသင်းအား ၄-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည်။

ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် အမြင့်ဆုံး ရောက်ရှိခဲ့သည့်အဆင့်မှာ ၁၉၈၆ ခုနှစ်က မက္ကဆီကိုနိုင်ငံတွင် ကျင်းပသည့် ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

[သုတ]

ဂျိမ်းစ်ရိုဒရီဂွတ်ဇ်ကို ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားလို့ပြောတဲ့ ပီကာမန်း

ဥရုဂွေးအသင်းအား အနိုင်ရရှိခဲ့သည့် ရှုံးထွက်ပွဲတွင် ကိုလံဘီယာအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံး သွင်းယူပေးခဲ့ကာ ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်အဆင့်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွတ်စ်သည် အသင်း၏ မရှိမဖြစ်ကစားသမားဖြစ်ကြောင်း ကိုလံဘီယာအသင်းနည်းပြ ပီကာမန်းက ပြောကြားလိုက်သည်။ အသက် ၂၂ နှစ်ရှိ မိုနာကိုတိုက်စစ်မှူးသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုး ငါးဂိုးအထိ သွင်းယူနိုင်ပြီဖြစ်သောကြောင့် ရွှေဖိနပ်ဆုရရှိရန် ထိပ်ဆုံးမှ ရပ်တည်နေပြီး ကိုလံဘီယာအသင်း၏ မျှော်လင့်ချက်များသည် အဆိုပါကစားသမားပေါ်တွင် မူတည်နေကြောင်း နည်းပြ ပီကာမန်းက ပြောကြားသည်။

"ကျွန်တော်ကိုင်တွယ်ဖူးတဲ့ အသင်းတွေမှာ အလွန်ထူးချွန်ပြီး နည်းစနစ်ပိုင်းကောင်းမွန်တဲ့ ကစားသမားတွေ တွေ့ဖူးပါးတယ်။ သူဟာလည်း အလွန်ထူးချွန်တဲ့ ကစားသမားတစ်ယောက်ပါ" ဟု ပီကာမန်းက ဆက်လက်ပြောကြားသည်။ ချီလီအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကျော်ဖြတ်လာသည့် အိမ်ရှင်ဘရာဇီးအသင်းနှင့် ဆုံတွေ့မည့် ကွာတားဖိုင်နယ်ပွဲသည် ဂန္ထဝင်မြောက် ပွဲတစ်ပွဲဖြစ်လာရန် မျှော်လင့်ကြောင်း၊ ဘရာဇီးအသင်းသည် ယခုပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း၊ ဘရာဇီးအသင်းအား အမြဲလေးစားသလို အသင်း၌လည်း အောင်မြင်ကျော်ကြားသည့် ကစားသမားများ ရှိကြောင်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းတိုင်းသည် ခက်ခဲသည့် အခိုက်အတန့်များကို ကြုံတွေ့ရသော်လည်း ကျော်ဖြတ်နိုင်ခဲ့ကြောင်း သူကဆိုသည်။

"ကျွန်တော် သူ့ကိုသိပါတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်ရေးအရတော့ မဟုတ်ပါဘူး။ သူက အာဂျင်တီးနားကို အသက် ၁၇ နှစ်ကတည်းက ရောက်ရှိလာပြီး သူ့ရဲ့ စွမ်းဆောင်ရည်ကို ပြသခဲ့သူပါ။ ကျွန်တော့်အတွက်တော့ သူဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားပါ။ ဒါဟာ ကျွန်တော် ချဲ့ကားပြီး ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ သူ့ကို နေရာလွတ်တွေ မရအောင် ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမဲ့ သူက အကောင်းဆုံးခြေစွမ်းပြပြီး ဂိုးတွေ သွင်းယူခဲ့ပါတယ်။ သူက အလွန်ငယ်ရွယ်တဲ့ ကစားသမားတစ်ဦးပါ။ သူ့ရဲ့ ခြေစွမ်းပိုမိုတိုးတက်လာဖို့ မျှော်လင့်ပါတယ်။ ဘောလုံးလောကမှာ ဒီလို ပါရမီရှိတဲ့ ကစားသမားမျိုး လိုအပ်ပါတယ်" ဟု ဥရုဂွေးနည်းပြ အော်စကာတာ ဘာရက်ဇ်ကလည်းချီးကျူး ပြောကြားခဲ့သည်။

[သုတ]

ဆွစ်ဇာလန်ဟာ အာဂျင်တီးနားရဲ့ ပြိုင်ဘက်ကောင်း မဟုတ်ဘူး

» » ရွှေဖုံးမှ

မပြနိုင်ခြင်းဟာ အာဂျင်တီးနားရဲ့ အနာဂတ် ပဲ။ ထပ်ပြောရရင် မက်ဆီကို ထိန်းနိုင်တာနဲ့ အာဂျင်တီးနားဂိုးရဖို့ ခက်ပြီဆိုတော့ ကွာတားတောင် ရောက်ပါ့မလားလို့ တွေးလာကြတယ်။ စောင့်ကြည့်ပြီး စိုးရိမ်ပူပန်လာကြတယ်။

ဒါပေမယ့် အဲဒီမှာ ပြောစရာရှိတာကသူတို့ ရင်ဆိုင်ရမယ့်အသင်းဟာ အနိုင်ယူဖို့ သိပ်ခက်တဲ့အသင်းမဟုတ်ဘူး။ ခြေစွမ်းခြေစရော စုဖွဲ့မှုအားမှာပါ သာမန်ထက်ပိုတဲ့အသင်းမဟုတ်ဘူး။ အုပ်စုတွင်း ပွဲစဉ်တွေမှာတောင် အီကွေဒေါကို ခက်ခက်ခဲခဲ အနိုင်ယူရတယ်။ ပြင်သစ်ကို နှစ်ဂိုး-ငါးဂိုးနဲ့ ဂိုးပြတ်ရှုံးတယ်။ နောက်ဆုံးပွဲမှာ ဟွန်ဒူးရပ်စ်ကို သုံးဂိုးပြတ်နိုင်လို့သာ ဒီအဆင့်မျိုးရောက်လာတာဆိုတော့။ အရှင်းဆုံးပြောရရင် တစ်ဦးချင်း ခြေစွမ်းအရပဲဖြစ်ဖြစ် စုဖွဲ့မှုနဲ့ အတွေ့အကြုံပိုင်းအရပဲဆိုဆို ဆွစ်ဇာလန်ဟာ အာဂျင်တီးနားရဲ့ပြိုင်ဘက်ကောင်း မဟုတ်ဘူး။ အာဂျင်တီးနားအတွက် မခက်ခဲဘူး။

